Burma Monitor
Research & Monitoring

ယခုရက်စွဲမှတ်တမ်းပါ အချက်အလက်များသည် မြန်မာ့အရေး လေ့လာသူများအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်မှ ဇူလိုင်လ ၂၈ ရက်နေ့အတွင်း ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ၊ ဆွေးနွေးမှုများနှင့် တခြားသော ဆက်စပ်သတင်း များအား မီဒီယာများမှတဆင့် မှတ်တမ်းတင်ထားသော ရက်အလိုက် ငြိမ်းချမ်းရေးသတင်း စုစည်းချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ရက်စွဲမှတ်တမ်းပါအချက်များသည် မြန်မာ့အရေးလေ့လာသူများ၏ အမြင်နှင့် အာဘော်မဟုတ်ဘဲ ငြိမ်းချမ်းရေးနှင့် ပတ်သက်သော မီဒီယာဖော်ပြချက်များအား စုစည်းပေးထားခြင်းသာဖြစ်ပါသည်။ မြန်မာ့အရေးလေ့လာသူများအဖွဲ့မှ ထုတ်ဝေလျက်ရှိသော ငြိမ်းချမ်းရေး ရက်စွဲစဉ်မှတ်တမ်းများအား ပိုမိုကောင်းမွန်စေရန်အတွက် အကြံပြုချက်များပေးပါရန် အကူအညီ တောင်းခံအပ်ပြီး၊ အကြံပြုချက်များပေးပို့လိုပါက bcmg.burma.org@gmail.com နှင့် ဖုန်း - 09-796636737 တို့ကို ဆက်သွယ်နိုင်ပါသည်။

မြန်မာ့အရေးလေ့လာသူများအဖွဲ့

## လက်နက်ကိုင်ပဋိပက္ခ

- **ကချင်**

ဇူလိုင်လ ၁၄ ရက်နေ့၊ နံနက် ၇နာရီကျော်ခန့်တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်းရှိ ကေအိုင်အေ တပ်ရင်း(၆) နယ်မြေ၌ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ တိုက်ပွဲဖြစ် ပွားခဲ့သည်။ (7Day) (KachinNew) (NMG)

ဇူလိုင် (၁၈) ရက်နေ့ နံနက်ပိုင်း (၈)နာရီခန့်တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ် Hupa ဒေသLai Nawng Hku (လိုင်နောင်ခူး) ကျေးရွာတွင် မြန်မာတပ်မတော် နှင့် ကချင်လွတ်လပ်ရေး တပ်မတော် KIA တပ်ရင်း (၆) တို့ ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားခဲ့သည်။ (KachinNew)

ဇူလိုင်လ၂၀ရက်နေ့ နံနက် ၇ နာရီခန့်တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်း ဇူလိုင်၁၄ ရက်နေ့တည်းကစတင်ခဲ့သည့် မြန်မာတပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ အကြား တစ်ပတ်ကျော်ကြာ တိုက်ပွဲသည် ပိုမိုပြင်းထန်လာခဲ့သည်ဟု ကေအိုင်အေ၏ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး ကြီးနော်ဘူမှ ပြောဆိုခဲ့သည်။ တိုက်ပွဲကြောင့် နှစ်ဘက်ထိခိုက်သေဆုံးမှုများရှိသော်လည်း အရေအတွက် အတိအကျ မသိရပါ။ (Myanmar Now)

- **ရှမ်း**

ဇူလိုင် ၁၆ ရက်နေ့နံနက် ၉ နာရီခန့်တွင် ရှမ်းပြည်မြောက်ပိုင်း၊ မူဆယ်မြို့နယ် နမ့်အွမ်ရွာနှင့် တီးမားရွာကြား၌ မြန်မာတပ်မတော်တပ်မ (၁၁) နှင့် ကချင်လွတ်လပ်ရေးတပ်မတော် KIA တပ်ရင်း (၉)တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ (KachinNew)

ဇူလိုင်လ၁၆ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ်အတွင်း၌ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/ SSA) နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် (SSPP/SSA) ပူးပေါင်း အဖွဲ့များတိုက်ပွဲ ဖြစ်ပွားခဲ့သည်။ တိုက်ပွဲကြောင့် ကျေးရွာ ၁၀ ရွာခန့်မှ လူဦးရေ ၇၀၀ ထက်မနည်း ထွက်ပြေးခဲ့ရသည်။ (Myanmar Now) (Marnagar) (Irrawaddy) (NMG) (Irrawaddy) (VOA) (Marnagar) (TaiFreedom) (ShanNew)

ဇူလိုင်လ ၁၇ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ်အတွင်း ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/ SSA) နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ၊ ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် (SSPP/SSA) ပူးပေါင်းအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲကြောင့် ဒေသခံ ပြည်သူ ၇၀၀ ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ (Myanmar Now) (Irrawaddy) (RFA)

ဇူလိုင်လ ၁၈ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းကိုင်မြို့နယ်အတွင်း၌ မြန်မာတပ်မတော်နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ ရှမ်းပြည်တပ်မတော် RCSS/SSA အဖွဲ့တို့ကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ (RFA)

ဇူလိုင်လ၂၂ ရက်နေ့နံနက် ၈:၃၀ အချိန်မှ ၉:၁၉ အချိန်ထိ ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ်နှင့် ပန်ဆော့ကျေးရွာအုပ်စု ပန်ကွတ်ကျေးရွာအနီး၌ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/ SSA) နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် (SSPP/SSA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့တိုက်ပွဲ ဖြစ်ပွားခဲ့သည်ဟု RCSS ၏ တောင်ကြီးမြို့ ဆက်ဆံရေးရုံးတာဝန်ခံ ဒုဗိုလ်မှူးကြီးစိုင်းဦးမှပြောခဲ့သည်။ (TheLadies) (TaiFreedom)

ဇူလိုင်လ၂၃ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်အတွင်း တာတေကျေးရွာအုပ်စု နမ့်ကျိုင်းကျေးရွာမြောက်ဘက်၌ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/ SSA) နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော် (SSPP/SSA)၊ တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်

(TNLA) တို့တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ တိုက်ပွဲတွင် RCSS/SSA တပ်သား ၁ ဦး သေဆုံးခဲ့ပြီး TNLAနှင့်SSA ပူးပေါင်းအဖွဲ့မှ တပ်ဖွဲ့ဝင် ၂ ဦး ထိခိုက်ဒဏ်ရာရရှိပြီး ၁ ဦးသေဆုံးခဲ့သည်။ (TheLadies) (TaiFreedom)

ဇူလိုင်လ၂၃ရက်နေ့ မနက်ပိုင်းတွင် ရှမ်းပြည်နယ် ကျေးသီးမြို့နယ် ဟိုပုံကျေးရွာအုပ်စု နမ့်အုပ်ရွာအနီး၌ မြန်မာတပ်မတော်နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS/SSAတို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲကြောင့် ဒေသခံ ၁၀၀ကျော်ခန့် ကျေးသီးမြို့ပေါ်ကို ထွက်ပြေးခဲ့ရသည်။ (RFA) (Irrawaddy) (Shan News)

သျှမ်းပြည်အလယ်ပိုင်း မိုင်းကိုင်မြို့နယ်၊ ကျေးသီးမြို့နယ် အတွင်းရှိ RCSS/SSA တပ်ဖွဲ့ဝင်များအား အစိုးရတပ်မတော်မှ အင်အားဖြည့်ကာ ပိုက်စိပ် တိုက်ရှာဖွေနေကြောင်း ဒေသခံများက ဇူလိုင်လ ၂၅ရက်နေ့တွင် ပြောဆိုခဲ့သည်။ သျှမ်းပြည်တောင်ပိုင်း ကျေးသီးမြို့နယ် – မတ်ဝေါင်းကျေးရွာ၊ နမ့်အုပ်ကျေးရွာ၊ ဟိုပုံကျေးရွာဘက်တို့လည်းကောင်း၊ မိုင်းကိုင် မြို့နယ် – ဟမ်းငိုင်းကျေးရွာအုပ်စု၊ ဟိုခိုင်းကျေးရွာအုပ်စု၊ တုံလောဝ်ကျေးရွာအတွင်းသို့ အစိုးရတပ်မတော် တပ်မ ၃၃ လက်အောက်ခံ တပ်ရင်းများအပါအဝင် တပ် ၁၀ ရင်း ထက်မနည်း အင်အားဖြည့်ကာ သျှမ်းပြည်တပ်မတော် RCSS/SSA အခြေချလှုပ်ရှားရာ ကျေးရွာသို့ ပိုက်စိပ်တိုက်ရှာဖွေနေခြင်းဖြစ်သည်။ (Shannews)

## စစ်ဘေးရှောင်

- ကချင်

တနိုင်းဒေသတွင်ပိတ်ထားသည့် ပယင်းမော်အချို့တွင် ပယင်းတူးနေကြသည့်သူများအား တပ်မတော်မှနယ်မြေရှင်းလင်းရေးလုပ်နေသဖြင့် ထွက်ခွာလာကြသည့် ပယင်းရှာဖွေသူဦးရေသည် ဇူလိုင် ၁၀ ရက်နေ့မှ ဇူလိုင် ၂၁ ရက်နေ့အထိ ပယင်းတူးသူ ကျား ၁၄၂၇ ၊ မ ၄၃၅တို့ စုစုပေါင်း ၁၈၆၂ ဦးရှိပြီဟု တနိုင်းမြို့နယ် ရဲတပ်ဖွဲ့၏ အရာရှိတစ်ဦးမှပြောခဲ့သည်။ (Popular)

- ရှမ်း

မြန်မာ့တပ်မတော်နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS/SSA တို့ ဖြစ်ပွားခဲ့သည့် တိုက်ပွဲကြောင့် တိမ်းရှောင်ခဲ့ရသော မိုင်းကိုင်မြို့နယ် ဟိုခိုင်း ကျေးရွာအုပ်စု၊ တုံလောဝ် ကျေးရွာအုပ်စု ဟမ်းငိုင်းကျေး ရွာအုပ်စုဝင် ကျေးရွာတွေမှ ဒေသခံ ၉၁၇ဦးသည် တပ်မတော်ဘက်မှ ထိုးစစ်ရပ်ဆိုင်းသွားသော်လည်း နေရပ်သို့ မပြန်ရဲသဖြင့် ဟမ်းငိုင်းဘုန်းကြီးကျောင်းတွင် ဇူလိုင် ၁၄ရက်နေ့အထိ ဆက်လက်တိမ်းရှောင်နေရဆဲဖြစ်သည်။ (VOA)

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ္မတူမြို့နယ် မိုင်းမုကျေးရွာအုပ်စုတွင် မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့အချို့နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)တို့၏ တိုက်ပွဲများကြောင့် စစ်ဘေးရှောင်လာရသည့် ဒေသခံဦးရေသည် ဇူလိုင်လ ၁၈ရက်နေ့တွင် ဦးရေ ၁၂၀၀ ကျော်ခဲ့ပြီဖြစ်သည်။ (Mizzima) (Irrawaddy) (Shannews) (Myanmar Now)

ရှမ်းပြည်နယ် မြောက်ပိုင်းရှိ တိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည့် စစ်ဘေးရှောင်တစ်ထောင်ကျော်အတွက် အခြေခံ အစားအသောက်များအပြင် ကျန်းမာရေးအကူအညီများ အဓိကလိုအပ် နေသည်ဟု တအန်းအမျိုးသမီးအဖွဲ့အစည်း TWO မှတ်တမ်းနှင့် သုတေသနဌာနအဖွဲ့ တာဝန်ခံတစ်ဦးမှ ဇူလိုင်လ ၁၈ရက်နေ့တွင် ပြောဆိုခဲ့သည်။ တိုက်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည့် စစ်ဘေးရှောင်များသည် နမ္မတူမြို့နယ် နမ့်ဆီလင်း၊ မန်ဆာ၊ ပန်ကြက်၊ ပန်လုံ၊ မန်ကျန်း ကျေးရွာများမှ ဒေသခံများဖြစ်ပြီး သီပေါမြို့နယ်ရှိ မိုးတေဘုန်းကြီးကျောင်းတွင် ၄၀၀ ကျော် နမ္မတူမြို့နယ်ရှိ မန်စံကျေးရွာဘုန်းကြီး ကျောင်းတွင် ၆၁၄ ယောက်နှင့် မန်လီကျေးရွာ ဘုန်းကြီးကျောင်းတွင် ၇၀၀ ယောက်ရောက်ရှိနေသည်ဟု ပြောခဲ့သည်။ (NMG)

ဇူလိုင်လ ၁၆ ရက်တွင် နမ္မတူမြို့နယ် နားပုံရွာပောင်းအနီး၌ SSPP၊ TNLA နှင့် RCSS တို့အကြား ဖြစ်ပွားခဲ့သည့် တိုက်ပွဲကြောင့် နမ္မတူမြို့နယ် မန်လီကျေးရွာသို့ တိမ်းရှောင်နေသည့် စစ်ဘေးရှောင် ၆၅၃ ဦးသည် မိမိသဘောဆန္ဒအရ နေရပ်သို့ပြန်သွားသည်ဟု စစ်ဘေး ရှောင်ကြီးကြပ်ကူညီရေးကော်မတီ/ ပြန်ကြားရေးတာဝန်ခံ ဦးမိုင်းငယ်လေးမှ ဇူလိုင်လ၂၁ ရက်နေ့တွင် ပြောခဲ့သည်။ (Marnagar)

ဇူလိုင်လ ၁၆ရက်နေ့တွင် သီပေါမြို့နယ်အတွင်း၌ ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာလာသူ ၁၅၀၀ ခန့်၏ ထက်ဝက်ခန့်သည် ဇူလိုင်လ၂၃ ရက်နေ့နံနက်၌ နေရပ်သို့ပြန်ခဲ့သည်ဟု သီပေါမြို့နယ်ကိုယ်စားပြု ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် နန်းစန်းစန်းအေးမှပြောသည်။ (Irrawaddy)

ဇူလိုင်လ၁၆ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ်အတွင်း ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/ SSA) နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် (SSPP/SSA) ပူးပေါင်း အဖွဲ့များတိုက်ပွဲ ဖြစ်ပွားခဲ့သည်။ တိုက်ပွဲကြောင့် ကျေးရွာ ၁၀ ရွာခန့်မှ လူဦးရေ ၇၀၀ ထက်မနည်း ထွက်ပြေးနေရကြောင်း ဒေသခံ ကယ်ဆယ်ရေး ပရဟိတ အသင်းများမှပြောသည်။ (Myanmar Now) (Marnagar) (Irrawaddy) (NMG) (Irrawaddy) (VOA) (Marnagar) (TaiFreedom) (ShanNew)

ဇူလိုင်လ ၂၃ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း ကျေးသီးမြို့နယ်အတွင်း၌ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/ SSA) အား အစိုးရ တပ်မတော်က လိုက်လံပစ်ခတ်တိုက်ခိုက်မှုကြောင့် ဟိုပုံအုပ်စု မတ်ဝေါင်းရွာနှင့် နမ့်အုပ်ရွာမှ ရွာသား ၁၀၀ ခန့်သည် ဂမ့်ဖိန်းခမ်းဘုန်းကြီးကျောင်းသို့ စစ်ဘေးတိမ်းရှောင် ခဲ့ရသည်။ သို့သော် ဇူလိုင်လ ၂၄နှင့် ၂၅ရက်နေ့များတွင် ပစ်ခတ်တိုက်ခိုက်မှုများ ငြိမ်သက်သွားသောကြောင့် စစ်ဘေးရှောင်များက နေရပ်သို့ ပြန်ခဲ့သည်။ (Shan News)

ဇူလိုင်လ၂၃ ရက် ညပိုင်းတွင် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး(မြန်မာ)မှ ရှမ်းပြည်နယ် နမ္မတူ၊မိုင်းကိုင်နှင့် နမ့်ခမ်းမြို့နယ်များတွင် တပ်မတော်၊ RCSS/SSA ၊ TNLA တို့အကြား ဇူလိုင်လအစောပိုင်းက ဖြစ်ပွားခဲ့သောတိုက်ပွဲများကြောင့် ထပ်မံတိုးပွားလာသော စစ်ဘေးရှောင် ၂၈၁၀ ရှိပြီး ၎င်းတို့အနက်အများစုမှာ နေရပ်ပြန်ပြီဖြစ်ကြောင်း ကြေငြာချက်တစောင် ထုတ်ပြန်ခဲ့သည်။ (MyanmarTime)

ဇူလိုင်လ ၂၆ ရက်နေ့တွင် သျှမ်းပြည်မြောက်ပိုင်း နမ္မတူမြို့နယ်၊ နမ့်ခမ်းမြို့နယ်၊သျှမ်းပြည်တောင်ပိုင်း မိုင်းကိုင်၊ကျေးသီးမြို့နယ်တို့တွင် ဇူလိုင်လ ၉ ရက် နေ့မှ ၂၃ ရက်နေ့ အထိ ၁၂ ရက် အတောအတွင်း စစ်ဘေးရှောင်လူထု စုစုပေါင်း ၂၈၁၁ ကျော်ရှိကြောင်း UN OCHA မှ ကြေငြာချက်တစောင် ထုတ်ပြန်ခဲ့သည်။ (Shannews)

- **ချင်း**

မေလနှင့် ဖွန်လအတွင်းတွင် ဖြစ်ပွားခဲ့သော မြန်မာ့တပ်မတော်နှင့်ရက္ခိုင့်တပ်မတော်တို့အကြား တိုက်ပွဲများကြောင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်မှ မီဇိုရမ် ပြည်နယ် လောင်တလိုင်မြို့နယ် Hmawngbuchhuahကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသော စစ်ဘေးဒုက္ခသည်များအကြားတွင် ၄က်ဖျားနှင့် ဝမ်းလျော၊ ဗိုက်နာရောဂါ ဖြစ်ပွားမှုများပြားနေကြောင်း လောင်တလိုင်မြို့တွင် နေထိုင်သော စစ်ဘေးဒုက္ခသည်များအား ကူညီပေးသူတစ်ဦးက ပြောဆိုခဲ့သည်။ စစ်ဘေးရှောင်များ အနေဖြင့် ၂၀၁၈ အောက်တိုဘာလတွင် နေရပ်သို့ ပြန်ရန်မျှော်မှန်းထားကြသော်လည်း လက်ရှိအခြေအနေအရ မဖြစ်နိုင်သေးကြောင်းလည်း စစ်ဘေးရှောင်သူ တစ်ဦးက ပြောဆိုခဲ့သည်။ (khonumthung)

## လူ့အခွင့်အရေးချိုးဖောက်မှု

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် အုံးမုကျေးရွာအုပ်စု မန်လွယ်ကျေးရွာတွင် ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ (RCSS) တပ်ဖွဲ့မှ ဇူလိုင်လ ၉ ရက်၌ တပ်သားသစ်အဖြစ် ဖမ်းဆီးခဲ့သည့် ရွာခံ ၁၁ ဦးအား ဇူလိုင်လ ၁၇ ရက်တွင် ပြန်လည်လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း မန်လွယ် ရွာခံတစ်ဦးမှ ပြောဆိုခဲ့သည်။ ပြန်လည်လွှတ်ပေးလိုက်သည့် မန်လွယ်ကျေးရွာဒေသခံ ၁၁ ဦးမှာ မိုင်းဆာအောင် (၁၈ နှစ်) ၊ မိုင်းအိုက်မိန်း (၁၈ နှစ်) ၊ မိုင်းအိုက်မန်း(၁၇ နှစ်) ၊ ဦးအိုက်တီး(၃၅ နှစ်) ၊ မိုင်းဆာအောင်(၂)(၂၂ နှစ်)၊ မိုင်းအိုက်လှိုင်(၁၆ နှစ်)၊ မိုင်းအိုက်ဆောက် (၁၆ နှစ်)၊ မိုင်းကော်ခမ်း(၁၆ နှစ်)၊ မိုင်းအိုက်ညွန့်(၁၄ နှစ်)၊ မိုင်းထွန်းသိန်း(၂၅ နှစ်)နှင့် မိုင်းအိုက်ဝင်း(၂၃ နှစ်)တို့ဖြစ်သည်။ (Marnagar)

ဇူလိုင်လ ၁၇ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဖားအံမြို့နယ် စံပရီးကျေးရွာအုပ်စုအတွင်းရှိ တပ်စွန့်လွှတ်မြေပေါ်တွင် အစိုးရခွင့်ပြုချက်မရှိ ဆောက်လုပ်ထားသည့် အဆောက်အဦးများကို ပြည်နယ်အုပ်ချုပ်ရေး အာဏာပိုင်များမှ ဝင်ရောက်ရှင်းလင်းဖယ်ရှားမှုများ ပြုလုပ်ခဲ့ကြောင်း၊ " **ဒီမြေဟာ ကျမဘိုးဘွားပိုင်တဲ့မြေတွေ စစ်တပ် လာသိမ်းတော့ ဘယ်သူမှလုပ်လို့မရဘူး။ သူတို့မလုပ်နိုင်လို့ ပြန်စွန့် လွှတ်ပြီးတဲ့အချိန်မှာ ကျမတို့ဘိုးဘွားမြေကို ကျမတို့ပြန်ခုတ်ရှင်းတာ ကျမတို့ကို တစ်ခါမှ လာတားတဲ့လူမရှိဘူး။ KNU ကလည်း ကျမတို့ပြည်သူတွေ နေရာရအောင် အကွက်ချပြီး စီစဉ်ပေးတယ်။ အခုမှ အစိုးရက မပေးနေဘူးဆိုတော့ ကျမတို့ ဘယ်လိုလုပ်မလဲ။ KNUက ကျမတို့ကို ဖြေရှင်းပေးနိုင်မယ်လို့ ထင်တယ်**”ဟု နေထိုင်သူ ဂျဲငြိမ်းမှ ပြောသည်။ (KIC)

ဇူလိုင်လ ၁၈ ရက်နေ့ နေ့လည် ၁၂ နာရီအချိန်ခန့်တွင် ရှမ်းပြည်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် မိုင်းဝီးကျေးရွာအုပ်စု မိုင်းဝီးကျေးရွာတွင် ပစ္စတိုသေနတ်ကိုင်ဆောင်ထားသော တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) မှ အင်အား ၆ ဦးသည်ကျေးရွာရှိ ကုန်စုံ ဆိုင်ပိုင်ရှင်များထံ ဆက်ကြေးငွေ အဓမ္မတောင်းခံခဲ့ကြောင်း TaiFreedom သတင်းဌာနက ဖော်ပြခဲ့သည်။ (TaiFreedom)

ရှမ်းပြည်နယ်၊ မိုင်းပန်မြို့နယ်၊ ကုန်းကတ်ကျေးရွာအနီးတဝိုက်မှ ဒေသခံလူငယ် အယောက် ၅၀အား ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် RCSS/SSA မှ တပ်သားသစ်အဖြစ် ဇူလိုင်လ၁၅ရက်နေ့တွင် ခေါ်ဆောင်သွားခဲ့သည်ဟုနမ့်စန်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ပါတီ ဉက္ကဋ္ဌ မှပြောသည်။(RFA)

၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်း သျှမ်းပြည်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် ပလောက်လက်နက်ကိုင် (TNLA) မှ ဒေသခံများထံ နည်းလမ်းအမျိုးမျိုး အသုံးပြု၍ ဆက်ကြေးပိုမို ကောက်ခံခဲ့သောကြောင့် အချို့ဒေသခံများ တရုတ်ပြည်ထဲအထိ ဆက်ကြေးငွေ သွားရောက်ပေးသွင်းခဲ့ရကြောင်း ဒေသခံများမှပြောခဲ့သည်ဟု Tai Freedom သတင်းဌာနမှ ဖော်ပြခဲ့သည်။ (TaiFreedom)

## မြေမြှုပ်မိုင်း

- **သေဆုံး**

ဇူလိုင်လ ၂၃ ရက်နေ့ ညနေ ၅ နာရီ အချိန်ခန့်တွင် ရှမ်းပြည်နယ် မြောက်ပိုင်း တားမိုးညဲမြို့နယ်ခွဲ မုံးစီကျေးရွာအုပ်စု မန်ဂျယ်ကျေးရွာမှ ဒေသခံများသည် မှိုရှာထွက်ရာမှ မိုင်းနင်းမိသဖြင့် ၁ ဦးသေဆုံးခဲ့သည်။ (NMG)

- **ဒဏ်ရာရ**

ဇူလိုင်လ ၂၃ ရက်နေ့ ညနေ ၅ နာရီ အချိန်ခန့်တွင် ရှမ်းပြည်နယ် မြောက်ပိုင်း တားမိုးညဲမြို့နယ်ခွဲ မုံးစီကျေးရွာအုပ်စု မန်ဂျယ်ကျေးရွာမှ ဒေသခံများ မှိုရှာထွက်ရာမှ မိုင်းနင်းမိသဖြင့် ၂ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။(NMG)

ဇူလိုင်လ ၂၆ရက်နေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ကချင်ပြည်နယ်၊ နမ္မတီးမြို့၊ မြို့သစ်ကြီး ကျေးရွာနေ ဒေသခံနှစ်ဦးသည် နမ့်ခမ်း ခရေအားလျှပ်စစ်စက်ရုံအနီး၌ နင်းမိုင်းတစ်လုံးအား နင်းမိခဲ့သဖြင့် ဒေသခံတစ်ဦးတွင် မိုင်းစ ထိမှန်ဒဏ်ရာများရရှိခဲ့သည်။ (Military)

## တွေ့ဆုံဆွေးနွေးမှု

ဇူလိုင်လ ၂၀ ရက်နေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ငြိမ်းချမ်းရေးကော်မရှင်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် KIA နှစ်ဖက်ယုံကြည်မှု တည်ဆောက်ရန် အလွတ်သဘော တွေ့ဆုံခဲ့ကြ သည်။ တွေ့ဆုံ ဆွေးနွေးပွဲတွင် ကချင်ဒေသအတွင်း ဖြစ်ပွား နေသည့် စစ်ရေးပဋိပက္ခများကို ဖြေလျှော့နိုင်ရန် အဓိကထားဆွေးနွေးခဲ့သည်ဟု အစိုးရကိုယ်စားလှယ် တစ်ဦးမှပြောသည်။ တွေ့ဆုံပွဲသို့ KIO ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အင်ဘန်လ အပါအဝင် ဒေါက်တာလဂျာ၊ ဗိုလ်မှူးလအောင်၊ ငြိမ်းချမ်းရေးကော်မရှင် PC ဖက်မှ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင် ဇော်ဦးနှင့် အတူ ဒုစရဖမှူး ဗိုလ်ချုပ် သန်းထွဋ်သိန်း၊ ဦးဇော်ဌေးနှင့် ဦးလှမောင်ရွှေတို့တက်ရောက်ခဲ့သည်။ (NMG) (BBC) (KachinNew) (Mizzima)

ဇူလိုင်လ ၂၀ ရက်နေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ငြိမ်းချမ်းရေးကော်မရှင်နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ RCSS/SSA တို့ အလွတ်သဘော တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားနေရခြင်းနှင့် ပတ်သက်၍ အပစ်အခတ်ရပ်စဲရေး သဘောတူချက်ပါ အချက်များအား နားလည်မှု ကွဲလွဲနေသည့်အတွက် တိုက်ပွဲများ ဖြစ်ပွားရခြင်း ဖြစ်သည့်အကြောင်း ဆွေးနွေးခဲ့ကြသည်ဟု RCSS/SSA ၏ အကြံ ပေးဦးခွန်ဆိုင်းမှပြောခဲ့သည်။ တွေ့ဆုံပွဲသို့ ငြိမ်းချမ်းရေးကော်မရှင် PC ဖက်မှ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ဇော်ဦးနှင့် အတူ ဒုစရဖမှူး ဗိုလ်ချုပ်သန်းထွဋ်သိန်း၊ ဦးဇော်ဌေး၊ ဦးလှမောင်ရွှေတို့နှင့် RCSS/SSA ဖက်မှ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွတ်စစ် အပါအဝင် ဗိုလ်မှူးကြီး စိုင်းငင်း၊ နိုင်ငံရေး အကြံပေးစဂ်ခွန်ဆေတို့ တက်ရောက်ဆွေးနွေးခဲ့သည်။ (NMG) (BBC)

## အစည်းအဝေးများ

- **UPDJC**

ဇူလိုင်လ ၁၅ ရက်နေ့ မနက် ၉ နာရီတွင် နေပြည်တော် MICC 2 ၌ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ တတိယအစည်းအဝေး၏ အတွင်းရေးမှူးအဖွဲ့အစည်းအဝေးအား ပြုလုပ်ခဲ့သည်။ (**Popular**)

ဇူလိုင် ၁၅ ရက်တွင် နေပြည်တော်ရှိ MICC - II ခန်းမ၌ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)အစည်းအဝေး ပြုလုပ်ခဲ့ သည်။ အစည်းအဝေးတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီနှင့် NCA လက်မှတ်ထိုးတိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့မှ ညီလာခံ ကိုယ်စားလှယ်များ ဆွေးနွေးခဲ့သည့် အချက်များအနက် မပြေလည်သည့် နိုင်ငံရေးနှင့် မြေယာကဏ္ဍမှ အချက်လေးချက်ကို ညှိနှိုင်း၍ ညီလာခံရလဒ် အဖြစ် သတ်မှတ်ရန် သဘောတူညီခဲ့သည်ဟု အစိုးရအစုအဖွဲ့မှ ဒေါက်တာတင်မျိုးဝင်းမှ ပြောသည်။ (7Day) (Popular) (RFA) (SCOffice)(KNU) (MyanmarTime)

ဇူလိုင်လ၁၆ရက်နေ့တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ MICC2 ၌ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ( တတိယအစည်းအဝေး) မှ ရရှိလာသော သဘောတူညီချက် ၁၄ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း (၂) အဖြစ် ညီလာခံ နောက်ဆုံးရက်တွင် စာချုပ်ချုပ်ဆိုခဲ့ကြသည်။

သဘောတူညီချက် ၁၄ချက်ကို အစိုးရအစုအဖွဲ့မှ ဒေါက်တာတင်မျိုးဝင်း၊ လွှတ်တော်အစုအဖွဲ့ ကိုယ်စားလှယ်ဦးအောင်စိုး၊ တပ်မတော်အစုအဖွဲ့ ကိုယ်စားလှယ် ဗိုလ်ချုပ်စန်းမြင့်၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့ ကိုယ်စားလှယ် ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်နှင့် နိုင်ငံရေးပါတီအစုအဖွဲ့ ကိုယ်စားလှယ် ဦးသုဝေတို့မှ လက်မှတ်ရေးထိုးခဲ့ကြသည်။ (MonNew) (Kantarawaddy) (TaiFreedom) (MyitkyinaNew) (7Day) (Popular) (MyanmarTime) (VOA) (BBC) (MOI) (SC Office)

- **JMC**

ဇူလိုင်လ ၁၄ ရက်နေ့တွင် ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ ဘောဂလီမြို့သို့ ပဲခူးတိုင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေး ကော်မတီ [JMC-S (ပဲခူး)] အဖွဲ့ဝင်များ သွားရောက်၍ ဒေသခံ ပြည်သူလူထုနှင့် တွေ့ဆုံကာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး လုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားခဲ့သည်။ တွေ့ဆုံပွဲသို့ JMC-S (ပဲခူး) အဖွဲ့ဝင်များနှင့် ပြည်သူလူထု (၇၀၀) ခန့် ပါဝင်တက်ရောက်ခဲ့သည်။ (JMC)

ဇူလိုင်လ ၂၃ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အဆင့်ဆင့်တွင် ပါဝင်သော အရပ်သားကိုယ်စားလှယ်များ၏ မျက်နှာစုံ ညီအစည်းအဝေးကို ကျင်းပခဲ့သည်။ (JMC)

## နီးနောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သတင်းစာရှင်းလင်းပွဲများ

ဇူလိုင် ၂၄ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၌ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)မှ ဦးဆောင်၍ 'ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ငန်းစဉ်အတွင်း ယုံကြည်မှုတည်ဆောက်ခြင်းဆိုင်ရာ ပညာရှင်စကားဝိုင်း' ကို ပြုလုပ်ခဲ့သည်။ (JMC)

ဇူလိုင်လ ၁၄ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ပြုလုပ်သော ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ၂၁-ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေး တတိယနေ့အပြီးတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ သတင်းစာ ရှင်းလင်းပွဲ၌ `ဝ` ဦးဆောင်သည့် မြောက်ပိုင်း မဟာမိတ်ခုနစ်ဖွဲ့ နှင့် ဆက်စပ်သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အိမ်နီးချင်း တရုတ်နိုင်ငံ၏ အခန်းကဏ္ဍမှာ အရေးကြီးကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးဇော်ဌေးမှ ပြောခဲ့သည်။ (**TheLadies**)

ဇူလိုင်လ ၁၅ ရက်နေ့ ည ၈ နာရီခန့်တွင်ပြုလုပ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးအပြီးတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပြီး မြောက်ပိုင်းမဟာမိတ်လက်နက်ကိုင် အဖွဲ့ဝင်များဖြစ်သော တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ မြန်မာနိုင်ငံ အမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ်မတော် (MNDAA)၊ ရက္ခိုင့်တပ်မတော် (AA) တို့အား NCA စာချုပ်တွင် ပါဝင်လက်မှတ် ရေးထိုးရန် တိုက်တွန်း ပြောဆိုခဲ့သည်ဟု အစိုးရကိုယ်စားလှယ်

ဦးဇော်ဌေးမှ ပြောခဲ့သည်။ "အရင်က မြောက်ပိုင်းသုံးဖွဲ့ AA၊ TNLA ၊ MNDAA ကို NCA လက်မှတ်ထိုးဖို့ မပြောခဲ့ဘူး။ အခုပြောလိုက်ပြီ။ '၀' ကြေညာချက်မှာပါတဲ့အတိုင်း ဒီသုံးဖွဲ့ကို NCAထိုးဖို့ တိုက်တွန်းပါဆိုတာပါတယ်" ဟု ဦးဇော်ဌေးမှ ပြောခဲ့သည်။ (Mizzima) (7Day)

ဇူလိုင်လ ၂၄ရက်နေ့တွင် ရန်ကုန်မြို့၊ Orchid Hotel ၌ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု စိုက်ထူခြင်းအပေါ် ကယားလူငယ်အဖွဲ့အစည်းများမှ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် ကယား(ကရင်နီ) ပြည်နယ်အတွင်း ဗိုလ်ချုပ်ကြေးရုပ်စိုက်ထူရန် အချိန်မသင့်တော် သေး၍ ကန့်ကွက်နေ ခြင်းဖြစ်သည်ဟု ကယားလူငယ်အဖွဲ့အစည်းများမှပြောသည်။ "ကျွန်တော်တို့တိုင်းရင်းသားဒေသတွေမှာ တိုင်းရင်းသားလူမျိုး တွေရဲ့ဖြစ်တည်မှုသမိုင်း တွေကိုတောင် ပြုစုခွင့်၊ သင်ကြားပိုင်ခွင့်တွေ မရှိတဲ့ကာလမှာ ဒီလိုမျိုး ဗိုလ်ချုပ်ကြေးရုပ်ကို ထားရှိတာမသင့်တော်ဘူးလို့ ကျွန်တော်တို့ ဆိုလိုရင်းပဲ ဖြစ်တယ်" ဟု ကယန်းမျိုးဆက်သစ်လူငယ်မှ ခွန်းဘာနဒ်ဘုတ်မှ ပြောသည်။ (Mizzima) (RFA) (Myanmar Now) (MyanmarTime) (7Day)

## ထုတ်ပြန်ချက်

- **Military**

ဇူလိုင်လ ၁၈ ရက်နေ့ နံနက် ၁၁ နာရီခန့်တွင် ဘားအံမြို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်သို့ KNU/KNLA(PC) အဖွဲ့၊ ဗဟိုဌာနချုပ်၊ ဒေသဖွံ့ဖြိုးရေးဌာနမှ ဒုတိယတာဝန်ခံ ဗိုလ်မှူးအဆင့်ရှိ စောဒွေးအောင်(ဘ) ဦးသန်းတင် ဦးစီး အင်အား ၂၃ ဦးတို့သည် လက်နက်၊ ခဲယမ်း ဆက်စပ်ပစ္စည်း များနှင့်အတူ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့သည်ဟု တပ်မတော်မှ သတင်းထုတ်ပြန်ခဲ့သည်။ (Military) (Eleven)

ရှမ်းပြည်နယ်မြောက်ပိုင်း နမ်းခမ်းမြို့နယ်အတွင်း နယ်မြေရှင်းလင်းရေးဆောင်ရွက်မှုအတွင်း သေဆုံးခဲ့သော တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLA အဖွဲ့ဝင် အမျိုးသမီး ၅ ဦးနှင့် အမျိုးသား၃ ဦးမှာ နစ်ဘက်တိုက်ပွဲအတွင်း သေဆုံးခဲ့ခြင်းသာဖြစ်ကြောင်း တပ်မတော် သတင်းမှန်ပြန်ကြားရေးကော်မတီမှ ဇူလိုင် ၁၉ ရက်ညနေပိုင်းတွင်ရှင်းလင်းချက် တစောင်ထုတ်ပြန်ခဲ့သည်။(Myanmar Time) (Eleven) (Irrawaddy) (RFA) (7Day)

ကယားပြည်နယ် လွိုင်ကော်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ထားရှိရေးကိစ္စနှင့်ပတ်သက်ပြီး အငြင်းပွားမှုများ၊ ကန့်ကွက်ဆန္ဒပြမှုများ ကြုံနေရ သည့် အခြေအနေ၌ ဆူပူသောင်းကျန်းမှုများနှင့် မငြိမ်သက်မှုများ ဖြစ်ပေါ်လာပါက ထိန်းသိမ်းရန် တပ်မတော်ကိုတာဝန်ပေးမည်ဟု ကယား ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၏ ပြောကြားချက်သည် အခြေခံဥပဒေကို နားလည်မှုလွဲမှားစွာ ၎င်း၏ထင်မြင်ယူဆ ချက်အတိုင်း ပြောဆိုခြင်းဖြစ်ကြောင်း တပ်မတော်သတင်း မှန်ပြန်ကြားရေးအဖွဲ့မှ ဇူလိုင် ၂၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ (7Day) (Mizzima) (VOA) (Military)

- **EAO**

ဇူလိုင်လ၁၆ရက်နေ့ ည ၈ နာရီတွင် တအောင်းလွတ်မြောက်ရေးတပ်မတော်TNLA၏ အမျိုးသမီးဆေးမှူး ၆ ဦးအား မြန်မာတပ်မတော်မှ ဖမ်းဆီးသတ်ဖြတ်ခဲ့သည်ဟု TNLA မှ ကြေငြာချက် တစောင်ထုတ်ပြန်ခဲ့သည်။ (Marnagar) (7Day) (RFA) (BBC) (Mizzima) (Irrawaddy) (TNLA)

ဇူလိုင်လ ၂၀ ရက်နေ့တွင် တအောင်းလွတ်မြောက်ရေးတပ်မတော်TNLAမှ ဆေးမှူး ရဲမေ ၆ ဦးအား မြန်မာတပ်မတော်မှ ဖမ်းဆီးသတ်ဖြတ်ခြင်းသာဖြစ်ကြောင်း TNLA က ထပ်မံ၍ ကြေညာချက်ထုတ်ပြန်ခဲ့သည်။ (BBC) (NAB) (TNLA)

- **CSO**

ဇူလိုင်လ၁၆ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းတွင်ကချင်တော်လှန်ရေးသည် ဘာသာရေးကိုအခြခံပြီး ပေါ်ပေါက်လာခြင်းဖြစ်သည်ဟုပြောကြားချက်အပေါ် ရှုံ့ချကြောင်း ကချင်အရပ်ဘက်လူမှုဖွဲ့အစည်းများမှ သဘောထားတစောင် ထုတ်ပြန်ခဲ့သည်။ (KachinNew)

ဇွန်လ၂၇ရက်နေ့တွင် အစိုးရစစ်တပ်နှင့် ပြည်သူ့စစ်တပ်ဖွဲ့တို့ပူးပေါင်းပြီး သျှမ်းပြည်တောင်ပိုင်း လွိုင်လင်ခရိုင်အတွင်းရှိ အပြစ်မဲ့ရွာလူကြီးကို (RCSS/SSA) နှင့် အဆက်အသွယ် ပြုလုပ်နေသည်ဟု စွပ်စွဲပြီး ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ပတ်သက်၍ သျှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ ဇူလိုင်လ ၁၉ရက်နေ့တွင် ကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်။ (TaiFreedom)

ဇူလိုင် ၂၃ ရက်တွင် ရန်ကုန်မြို့ သခင်ကိုယ်တော်မှိုင်းဂူဗိမာန်၌ ကျင်းပသည့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကွယ်လွန်ခြင်း ၅၄ နှစ်မြောက် အထိမ်း အမှတ် အခမ်းအနားတွင် အစိုးရလုပ်ဆောင်နေသည့် ငြိမ်းချမ်းရေးမှာ ရှေ့မတိုးနောက်မဆုတ်သာ အနေအထား ဖြစ်နေသဖြင့် ဆရာကြီး သခင် ကိုယ်တော်မှိုင်း ဆောင်ရွက်ခဲ့သည့် လူထုဆန္ဒနှင့်အညီ ငြိမ်းချမ်းရေးတည်ဆောက်ကြရမည်ဖြစ်ကြောင်း သခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေး ကွန်ရက်အဖွဲ့မှ တိုက်တွန်းခဲ့သည်။ (Irrawaddy)

- **ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (တတိယအကြိမ်)**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၊ တတိယအစည်းအဝေး၏ သဘောထားထုတ်ပြန်ကြေညာချက်တစောင်ကို ဇူလိုင်လ၁၆ရက်နေ့ တွင်ထုတ်ပြန်ခဲ့သည်။ (SC Office)

ဇူလိုင်လ၂၁ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုနှင့် ပတ်သက်၍ ကယားပြည်နယ် အစိုးရဝန်ကြီး ချုပ် အယ်လ်ဖောင်းရှို၏ ပြောစကားများအပေါ် ပြင်းထန်စွာကန့်ကွက် ရှုတ်ချကြောင်း ကယားပြည်နယ် ကျောင်းသားသမဂ္ဂမှ သဘောထား ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ (Eleven)

- **နိုင်ငံရေးပါတီ**

ချင်းပြည်နယ်ရှိ လက်ရှိအခြေအနေအား တည်ငြိမ်နေပြီဆိုသော ရှုမြင်သုံးသပ်မှုကို အခြေခံကာဘပြည်ပရောက် ချင်းဒုက္ခသည်များအား နေရပ်ပြန် ပို့ရန် စီစဉ်နေသည့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်း ကြီးရုံး (UNHCR)၏ ဆောလျင်စွာ ဆုံးဖြတ်ချက်ကို ကန့်ကွက်ကြောင်း ချင်းနိုင်ငံရေးပါတီ ခြောက်ပါတီမှ ပူးတွဲကြေညာချက် တစ်စောင်အား ဇူလိုင်လ ၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ (TheLadies) (RFA) (Popular)

ဇူလိုင်လ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပသော ငြိမ်းချမ်းရေး လူထုနီးနှောဖလှယ်ပွဲတွင် အစိုးရ အနေနှင့် ၂၁ ရာစု ပင်လုံညီလာခံမှာ အားလုံးပါဝင်ရေးမူကို အခြေခံပြီး နိုင်ငံရေးအရ ဆွေးနွေးသည့် နည်းလမ်း ကို ဖေါ်ဆောင်နေပေမယ့် အားရကျေနပ်မှု မရှိသည့်အတွက် လုပ်ငန်းစဉ်ကို ပြန်လည် သုံးသပ်သင့်သည်ဟု စည်းလုံး ညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ်အဖွဲ့ UNAအဖွဲ့မှ သဘောထား ကြေငြာချက်တစောင်ထုတ်ပြန်ခဲ့သည်။ (BBC) (MonNew) (7Day)

## သဘောထားမှတ်ချက်

- **ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ (တတိယအကြိမ် )**

ဇူလိုင်လ ၁၄ ရက်နေ့ နေ့လည် ၂ နာရီခွဲတွင် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ဒုတိယ ဥက္ကဋ္ဌ အက်စ်ဂွမ်မော် Horizon Lake View ဟိုတယ်မှ နေပြည်တော် လေဆိပ်သို့ မထွက်ခွာမီ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေးဖွင့်ပွဲသို့ တက်ရောက် လာသည့် မြောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းခုနစ်ဖွဲ့တို့သည် နိုင်ငံတော်အစိုးရနှင့် မကြာခင် ပြန်လည် တွေ့ဆုံမည် ဖြစ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ရှိနေမည် ဖြစ်ကြောင်း ပြောခဲ့သည်။ (MOI) (VOA) (MyanmarTime) (Marnagar) (MyitkyinaNew)

ဇူလိုင်လ ၁၄ ရက်နေ့တွင် ပြုလုပ်သော ၂၁ရာစုတတိယအကြိမ် ပင်လုံ အစည်းအဝေးတွင် နိုင်ငံရေးကဏ္ဍ မူဝါဒကိုဆွေးနွေးစဉ် နိုင်ငံအမည်ကို ဖော်ပြရေး နှင့်ပတ်သတ်ပြီး အကြိတ်အနယ်ဆွေးနွေးခဲ့ရကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) ဒုဥက္ကဋ္ဌဒေါက်တာ ဆလိုင်း လျန်မှုန်းဆာခေါင်းမှ ပြောခဲ့သည်။ (MyanmarNow)

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-၂၁ရာစုပင်လုံတတိယအစည်းအဝေးဖွင့်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်၏ မိန့်ခွန်းပါ အချက်များ မှာ တပ်မတော်အပေါ် ပြည်တွင်းစစ်နှင့် ပတ်သက်၍ ရှုမြင်မှုများကို ဖြေဖျောက်လို၍ ပြောသည်ဟု နားလည်ကြောင်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)ဒုဥက္ကဋ္ဌ ခူဦးရယ်က ဇူလိုင်လ ၁၅ရက်နေ့တွင် ပြောခဲ့သည်။ (7Day)

၂၁ရာစု ပင်လုံတတိယ အစည်း အဝေးတွင် ကဏ္ဍငါးခုမှ အချက် ၁၄ချက်ကို ဆွေးနွေးနေခြင်းဖြစ်ပြီး အဆိုပါ ၁၄ချက်သည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စု တည်ဆောက်ရေးအတွက် အားရကျေနပ်ဖွယ်မရှိသလို ပြည်တွင်းငြိမ်းချမ်းရေးကို အာမခံပေးနိုင်ရန် လုံလောက်သည့် အချက်အလက်များမဟုတ်ဟု ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းမှ ဇူလိုင် ၁၅ ရက်နေ့တွင်သတင်းမီဒီယာများသို့ ပြောခဲ့သည်။ (Mizzima) (Irrawaddy) (MyanmarTime) (MonNew) (MonNew)

ဇူလိုင်လ၁၆ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ ရာစုပင်လုံ တတိယအစည်းအဝေးအပြီး သတင်းမီဒီယာများနှင့်တွေ့ ဆုံရာတွင် မွန်ပြည်သစ်ပါတီ (NMSP) အနေဖြင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အခြေချ လှုပ်ရှားနေသော်လည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် ပါဝင်လက်မှတ်ရေးထိုးပြီးနောက် ပြည်နယ်အဆင့်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S)တွင် မွန်ပြည်နယ် တစ်နေရာတည်းတွင်သာ ပါဝင်ခွင့်ပေးခြင်းအပေါ် ကျေလည်မှုမရှိကြောင်း NMSP ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာမှပြောသည်။ (Eleven) (Eleven) (TheLadies) (Eleven)

ဇူလိုင်လ၁၆ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ ရာစုပင်လုံ တတိယအစည်းအဝေးအပြီး သတင်းမီဒီယာများနှင့်တွေ့ ဆုံရာတွင် မြောက်ပိုင်းမဟာမိတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် NCA ကို ငြင်းပယ်ခြင်းမရှိဘဲ NCA စာချုပ်အရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုအပိုင်းတွင်သာ စိုးရိမ်မှုရှိ နေခြင်းဖြစ်သည်ဟု ငြိမ်းချမ်းရေး ကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း)ခင်ဇော်ဦးမှ ပြောကြားခဲ့ပြီး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များသည် ရှေ့သို့ဆက်လက်သွားမှာ ဖြစ်ပြီး နောက်ဆုတ်စရာ မရှိကြောင်းပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ သဘာပတိအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်းမှပြောခဲ့သည်။ (Eleven) (Eleven) (TheLadies) (Eleven)

ဇူလိုင်လ၁၆ရက်နေ့တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ MICC2 ၌ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ( တတိယအစည်းအဝေး)ပိတ်ပွဲအခမ်းအနားတွင် တစ်နိုင်ငံ လုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးနိုင်ခြင်းမရှိ သည့်တိုင်းရင်းသား လက်နက်ကိုင်များ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာနိုင်စေမည့် အလားအလာကောင်းများ ရရှိခဲ့သည်ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်မှပြောခဲ့သည်။ (Mizzima) (Irrawaddy) (RFA) (7Day) (7Day)

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၊ တတိယအစည်းအဝေး ဆဋ္ဌမနေ့အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင် ဆန်းစုကြည် ပြောကြားသည့်ကျေးဇူးတင်စကား (Popular) (MyanmarTime) (The Ladies) (SC Office) (SCOffice) (MOI) (BBC)

၂၁ ရာစုပင်လုံ တတိယအစည်းအဝေးသို့ 'နာဂအမျိုးသား ဆိုရှယ်လစ် ကောင်စီ (NSCN)'လက်နက်ကိုင် တော်လှန်ရေးအဖွဲ့နှစ်ဖွဲ့အနက်မှ NSCN-K အဖွဲ့ ကိုယ်စားလှယ်များသည်လေ့လာသူအဖြစ် တက်ရောက်ခဲ့သော်လည်း ၎င်းတို့၏ နိုင်ငံရေးရည်မှန်းချက်ကြောင့် အပစ်ရပ်စာချုပ်ထိုးရန် မဖြစ်နိုင်သေးဟု နိုင်ငံတော်အတိုင်ပင်ခံရုံး ညွှန်ကြားရေးမှူးချုပ်ဦးဇော်ဌေးမှ ပြောသည်။ နာဂလက်နက်ကိုင်အဖွဲ့ကို NCA တွင်ပါဝင်လာရန် ကမ်းလှမ်း ခဲ့ဖူးကြောင်းလည်း ဦးဇော်ဌေးမှ ပြောသည်။ (Myanmar Now) (BBC)

နိုင်ငံရေးပါတီအစုအဖွဲ့အနေဖြင့် ပင်လုံညီလာခံ၌ မြေယာကဏ္ဍအတွက် ဆွေးနွေးမှုကို အားရကျေနပ်ခြင်းမရှိဟု ၂၁ ရာစု တတိယပင်လုံညီလာခံသို့ တက်ရောက်နေသည့် ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ(KDP)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်မှ ပြောသည်။ကယားပြည်နယ်ရှိ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ မြေယာကဏ္ဍအတွက် စာတမ်းပြုစုကာ ကြိုတင်ပြင်ဆင်ခဲ့သော်လည်း အစုအဖွဲ့၏ အစည်းအဝေးတွင် ဆွေးနွေးရာ၌ ကန့်သတ်မှုများရှိနေသည်ဟု ဦးသဲရယ်မှပြောသည်။ (Kantarawaddy)

လက်ရှိပြုလုပ်နေသည့် နိုင်ငံရေးဆွေးနွေးမှုသည်အဆင့်တွေ များလွန်းသည့်အပြင် နိုင်ငံရေးဆွေးနွေးမှု မှုဘောင်ကလည်း တင်းကြပ်မှုတွေ ရှိနေတာကြောင့် နောက်လာမယ့် ၂၁ရာစုပင်လုံ အစည်းအဝေးတွေမှာ ဆွေးနွေးပွဲပုံစံတွေကိုပြောင်းလဲဖို့ အစိုးရ၊တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနှင့် နိုင်ငံရေးပါတီ အစုအဖွဲ့တွေ ဆွေးနွေးညှိနှိုင်းသွားမည်ဟု UDDJC အတွင်းရေးမှူးအဖွဲ့ဝင် ဦးစိုင်းကျော်ညွှန့်မှပြောသည်။ UPDJC အတွင်းရေးမှူး အဖွဲ့ဝင်တွေ အပါအဝင် အစုအဖွဲ့တစ်ဖွဲ့စီမှ ထပ်တိုး အဖွဲ့ဝင် ၅ ဦးစီ တွေ့ဆုံပြီး ဆွေးနွေးသွားကြ မည်ဟုဦးစိုင်းကျော်ညွှန့်မှပြောသည်။ (RFA)(VOA)

- **အခြား**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ္မတူမြို့နယ်အတွင်း "ဝ" ပြည်သွေးစည်း ညီညွတ်ရေး တပ်မတော်(UWSA) အပါအဝင် မြောက်ပိုင်း ၅ ဖွဲ့ ပူးတွဲစစ်ရေး လေ့ကျင့်မည်ဆိုသော သတင်းသည် မဟုတ်မှန်ကြောင်း တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA)မှ ဒုဥက္ကဌ ဗိုလ်မှူးချုပ် တာရှူးလန်းမှ ဇူလိုင် ၁၄ ရက်နေ့တွင် ပြောခဲ့သည်။ (Irrawaddy)

ဇူလိုင်လ ၁၇ ရက်တွင် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ၏ စစ်သမီး ၆ ဦးအား စစ်သုံ့ပန်း အဖြစ် မြန်မာစစ်တပ်မှ ဖမ်းဆီးခဲ့ပြီး သတ်ဖြတ်ခဲ့သည့် ကိစ္စနှင့် ပတ်သတ်၍ နိုင်ငံတော်မှ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်၍ အရေး ယူပေးရန် လိုအပ်ကြောင်း အမျိုးသမီးအရေးလှုပ်ရှားနေသည့် တအန်းအမျိုးသမီးအဖွဲ့အစည်း (TWO) မှတ်တမ်းနှင့်သုတေသနဌာန တာဝန်ခံမှ ပြောခဲ့သည်။ ထိုကဲ့သို့ ဖမ်းဆီးရမိသည့်စစ်သုံ့ပန်းများကို သတ်ဖြတ်လိုက်ခြင်းသည် လက်ရှိ အစိုးရမှ ဦးဆောင်ကာ ပြုလုပ်နေသည့်ငြိမ်းချမ်းရေးဆွေးနွေးပွဲကို များစွာ ထိခိုက်စေနိုင်ကြောင်း ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းမိုးမှ ပြောခဲ့သည်။ (Marnagar)

NCA တွင် လက်မှတ်ရေးထိုးထားသည့် မွန်ပြည်သစ်ပါတီ (NMSP) သည် ဆက်လက်ရပ်တည်ရေးအတွက် အစိုးထံမှ စီးပွားရေးလုပ်ပိုင်ခွင့် တချို့ကို တောင်းဆိုးထားကြောင်း ပါတီဗဟိုကော်မတီဝင် နိုင်အောင်မငေးမှ ပြောခဲ့သည်။  အစိုးရထံသို့ မွန်ပြည်သစ်ပါတီမှ တောင်ဆိုထားသော စီးပွားရေး လုပ်ငန်းများမှာ ကျောက်ထုတ်လုပ်ငန်း၊ အိမ်ရာဖေါ်ထုတ်ရေး လုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများဖြစ်ပြီး အစိုးရဘက်မှ မူဝါဒနှင့် ဆန့်ကျင်ခြင်းမရှိပါက ဦးစားပေးဆောင်ရွက်ပေးမည်ဟု အကြောင်းပြန်ကြား ထားကြောင်း နိုင်အောင်မငေးမှ ပြောခဲ့သည်။ (TheLadies)

ရှမ်းပြည်နယ် မိုင်းပန် မြို့နယ် ကုန်းကတ်ကျေးရွာမှ NLD ပါတီဝင် လူငယ် (၄) ဦးကို သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) မှ တပ်သားသစ်အဖြစ်ခေါ်ယူသွားခဲ့သည့်အတွက် အမြန်ဆုံးပြန်လွှတ်ပေးရန် အဖွဲ့ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးရွက်ဆစ်ထံ မေတ္တာရပ်ခံစာပေးပို့ထားသည်ဟု လင်းခေးခရိုင်NLD ပါတီ အတွင်းရေးမှူး ဦးအောင်မြတ်စိုးမှ ဇူလိုင်လ ၁၇ရက်နေ့တွင် (Popular)

ဇူလိုင်လ၁၉ရက်နေ့တွင် ကျရောက်သော(၇၁)နှစ်မြောက် အာဇာနည်နေ့ အောက်မေ့ဖွယ် ဂုဏ်ပြုစကားပြောကြားရာတွင် အားလုံးညီညွတ်မှသာ တိုင်းပြည်ပိုမိုတိုးတက်မည်ဖြစ်ပြီး တစ်ယောက်တစ်ပေါက် လုပ်ဆောင်ပါက မသင့်တော်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ပြောကြားခဲ့သည်။ (7Day)

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်အတွင်း တအန်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) မှ ဆေးမှူးစစ်သမီး ၆ ဦး အသတ်ခံရသည့် ကိစ္စနှင့် ပတ်သက်ပြီးTNLA မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး မိုင်းအိုက်ကျော်မှ **“တပ်မတော် ဘက်က စုံစမ်း ဖော်ထုတ်ပြီး အရေးယူ ဆောင်ရွက် ပေးဖို့ လိုတယ်။ ဒါက စစ်သုံ့ပန်းဥပဒေ (ဂျနီဗာကွန်ဗန်းရှင်း) အရဆိုရင် ချိုးဖောက်တာပဲ။ လက်ရ ဖမ်းမိတာ လေ။ ၂ဦးက တော့ ဦးခေါင်းမှာ သေနတ်နဲ့ ပစ်သတ်တယ်။ ကျန်တဲ့ ၄ဦးကတော့ ဓားတွေနဲ့ မွှန်းထား တယ်။ တုတ်တွေနဲ့ ရိုက်ထားတဲ့ ဒဏ်ရာတွေနဲ့ သေဆုံးတာတွေ့ရတယ်”**ဟု ဇူလိုင်လ ၁၉ရက်နေ့တွင် ပြောဆိုခဲ့သည်။ (Irrawaddy)

မြန်မာတပ်မတော်ထံ လက်နက်ချခဲ့သည့် ကရင်ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)အဖွဲ့ဝင် အင်အား၂၃ဦး၏ ဦးဆောင်သူ ဗဟိုဌာနချုပ်မှ ဗိုလ်မှူးစောဒွေးအောင်သည် ငွေရေးကြေးရေး အရှုတ်အထွေးရှိထားသူတစ်ဦးဖြစ်သည်ဟု KNU/KNLA-PC ဗဟိုမှ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြီး စောကျော်ညွန့်မှ ဇူလိုင်လ ၁၉ရက်နေ့တွင် ပြောခဲ့သည်။ (KIC)

ဇူလိုင်လ ၂၀ ရက်နေ့တွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်စိုင်းဂမ်းလှိုင်းခမ်းမှ  ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် တိုက်ပွဲများကြောင့် ဒေသခံများမကြာခဏထွက်ပြေးတိမ်းရှောင်နေရပြီး လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မဲဆန္ဒနယ်ဖွံ့ဖြိုးရေးထက် စစ်ရှောင်များအရေးကိုသာ ဦးစားပေးကူညီဖြေရှင်းနေရကြောင်း ပြောခဲ့သည်။ (7Day)

မြန်မာတပ်မတော်မှသိမ်းထားသည့် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ် အတွင်းရှိ ဇီးနစ်ပင် စခန်းနှင့် ကရင်ပြည်နယ်၊ ဘုရားသုံးဆူမြို့နယ် အတွင်းရှိ ဘုရားတောင်စခန်း ၂ခုအား မွန်ပြည်သစ်ပါတီ (NMSP)မှပြန်ပေးရန် တောင်းဆိုထားသည်ဟု NMSP ဒု ဥက္ကဋ္ဌ နိုင်ဟံသာမှ ဇူလိုင်လ ၂၀ရက်နေ့တွင် ပြောခဲ့သည်။ **“သက်ဆိုင်ရာ**

**တပ်ခေါင်းဆောင်တွေနဲ့တော့ ပြောနေတာပဲ။ မရသေး ဘူး။ သူတို့ကတော့ တခြားနေရာ ရွှေ့ခိုင်းတယ်။ အမျိုးမျိုးတော့ ပြောနေတာပဲ။ လမ်းမ ကြီးပေါ်မှာ ရှိနေတာ။ ဇီးနစ်ပင်စခန်းက အရင့်အရင် ကတည်းက Bilateral အဆင့်မှာ သဘောတူထားတဲ့ စခန်း"** ဟု ၎င်းမှပြောသည်။ (Irrawaddy)

သျှမ်းပြည်တပ်မတော် RCSS/SSAမှ တပ်သားသစ် စုဆောင်းနေသည်ဟု သတင်းများထွက်ပေါ်နေသည့်အပေါ် ဗိုလ်ချုပ်ကြီးယွက်စစ်မှ အဓမ္မတပ်သားစု ဆောင်းခြင်း မရှိကြောင်း၊ လက်ရှိတွင် လူငယ်များအနေဖြင့် အသိစိတ်ဖြင့်လာရောက် စစ်မှုထမ်းခြင်း၊ တာဝန်အရ စစ်မှုထမ်းရခြင်း နှင့် လူတိုင်း စစ်ပညာတတ်ရမည် ဆိုသည့်မူကြောင့် လာရောက်စစ်မှုထမ်းနေကြခြင်းဖြစ်ကြောင်း သျှမ်းသံတော်ဆင့် သတင်းဌာန အား ဇူလိုင်လ ၂၀ရက်နေ့တွင် ပြောဆိုခဲ့သည်။(Shannews)

ဇူလိုင်လ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့ရှိ City Hotel တွင် ပြုလုပ်ခဲ့သော DVB Debate အစီအစဉ်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော် အစုအဖွဲ့၊ NCA တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်များအစုအဖွဲ့ နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့တို့ ဆွေးနွေးကြသည့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အစိုးရအနေဖြင့် အကျိုးဆောင်ရုံဖြင့် မလုံလောက်ဘဲ ဦးဆောင်သူအဖြစ် ပါဝင်သင့်သည်ဟု ကရင်အမျိုးသား အစည်းအရုံး (KNU) မှ ဗဟိုကော်မတီဝင် ဖဒိုမန်းငြိမ်းမောင်နှင့် ချင်းအမျိုးသားတပ်ဦး (CNF) ဒုဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းတို့မှပြောကြားခဲ့သည်။ (TheLadies) (7Day)

ကျင်းပပြီးစီးခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစုပင်လုံ(တတိယအစည်းအဝေး) မှ ရရှိလာသော သဘောတူညီချက် ၁၄ ချက်တွင် အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရန်မူဝါဒ တစ်ချက်မျှမပါရှိကြောင်း KNU Concerned Group ပြောခွင့်ရပုဂ္ဂိုလ် KNU ဒုဥက္ကဋ္ဌဟောင်း နော်စီဖိုးရာစိန်မှပြောသည်။ **"ညီလာခံမှာ ထွက်လာတဲ့ရလဒ်ကတော့ နိုင်ငံရေးဆိုင်ရာကိစ္စ တစ်ခုမှမပါဘူး၊ ထွက်လာတဲ့အဖြေဆိုရင်လည်း တိုင်းရင်းသားတွေအတွက် ဘာမှအာမခံချက်မရှိဘူး၊ နိုင်ငံရေးအဖြေထွက်မလာတာဟာ စစ်တပ်ကခွင့်မပြုတဲ့အပေါ် ဆွေးနွေးခွင့်မရဘဲ ဖြစ်နေတယ်"** ဟု နော်စီဖိုးရာစိန်မှပြောသည်။ (Monnews)

## တိုင်းရင်းသားပါတီများ

ရှမ်းလက်နက်ကိုင်နှစ် ဖွဲ့ဖြစ်သော ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) တို့အကြား တိုက်ပွဲ ဖြစ်ပွားမှုကို နှစ်ဖက် ခေါင်းဆောင်များ အမြန်ဆုံးတွေ့ဆုံညှိနှိုင်းဖြေရှင်းရန် ရှမ်းနိုင်ငံရေးပါတီခေါင်းဆောင်များမှ တိုက်တွန်းထားသည်ဟု ရှမ်းတိုင်း ရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပြောရေးဆိုခွင့်ရှိသူ ဦးစိုင်းလိတ်မှ ဇူလိုင်လ ၂၀ရက်နေ့တွင် ပြောဆိုခဲ့သည်။ (**7Day**) (**TheLadies**)

ဇူလိုင်လ၂၁ ရက်နေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း နမ္မတူမြို့နယ် အတွင်း ရှမ်းပြည် ပြန်လည် ထူထောင်ရေး ကောင်စီ (RCSS/SSA)နှင့် ရှမ်းပြည် တိုးတက်ရေး ပါတီ (SSPP/SSA)တို့ကြား တိုက်ပွဲဖြစ်ပွားနေမှု ရပ်တန့်ရေး ၂ ဖက်ခေါင်းဆောင်များ တွေ့ဆုံ ဆွေးနွေးကြရန် ရှမ်းပြည်ညီညွတ်ရေး ကော်မတီ (CSSU) ဥက္ကဋ္ဌ ဦးစိုင်းအိုက် ပေါင်းမှ မေတ္တာရပ်ခံတိုက်တွန်းခဲ့သည်။ (Irrawaddy)

ဇူလိုင်လ၂၂ ရက်နေ့တွင် မြောက်ဦးမြို့၊ ညောင်ပင်ဈေးရပ်ကွက်၊ နန်းသားကန်ဓမ္မာရုံတွင် ရခိုင်အမျိုးသားပါတီ ( ANP) ၏ မြို့နယ်မျက်နာစုံညီ အစည်းအဝေး ကိုကျင်းပခဲ့သည်ဟုမြောက်ဦးမြို့နယ် ANP အတွင်းရေးမှူး ဦးထွန်းနီဝင်းမှပြောသည်။ အစည်းအဝေးသို့ ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်ကော်မတီဝင်များ၊ ရပ်ကျေးကော်မတီတစ်ခုစီမှ ကိုယ်စားလှယ်များ၊ မြို့နယ်စောင့်ကြည့် လေ့လာသူ ကိုယ်စားလှယ်များ၊ ပါတီဝင်များနှင့် စိတ်ပါဝင်စားသူ ၂၀၀ ကျော် တက်ရောက်ဆွေးနွေးခဲ့သည်။ (Narijara)

## အခြား

ဇူလိုင်လ ၁၄ ရက်နေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ လက်နက်ကိုင် တိုက်ပွဲတွင်ပါဝင်ခဲ့သော တပ်မတော်သားများ ပဲခူးတိုင်း အနောက်ပိုင်း သာယာဝတီမြို့သို့ ပြန်လည် ရောက်ရှိလာပြီး ရှေ့တန်းပြန် တပ်မတော်သားများအား မြို့နယ် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများမှ ကြိုဆိုခဲ့ကြောင်း ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ ပြန်ကြားရေးမှ သတင်းဖော်ပြခဲ့သည်။ (Military)

ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ရာတွင် ပြည်နယ်/တိုင်း အဆင့်ရွေးကောက်ပွဲများကို အမျိုးသားလွှတ်တော် ၊ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ များနှင့် တပြိုင်တည်း မကျင်းပဘဲ သီးခြားကျင်းပပေးသင့်သည်ဟု ချင်းအမျိုးသားဒီမိုကရက်တစ်(CNDP) ပါတီအထွေထွေ အတွင်းရေးမှူးဆလိုင်းကျဲအိုဘိခ်ထောင်မှ ဇူလိုင်လ ၁၄ရက်နေ့တွင် ပြောခဲ့သည်။ (Khonumthung)

ဇူလိုင်လ၁၆ရက်နေ့တွင် နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေဖြင့် တရားစွဲဆိုခံထားရသည့် Reuters သတင်းထောက် ကိုဝလုံးအားရုံးထုတ်စစ်ဆေးခဲ့သည်။ ရုံးချိန်းတွင် သတင်းများအား မှန်ကန်တိကျရေး၊ ဘက်လိုက်မှုမရှိရေး မူနှင့်အညီ သတင်းများအား ဖော်ထုတ်ရေးသားခဲ့ခြင်းသာဖြစ်ပြီး သတင်းမီဒီယာ၏ အလုပ်ကို တိကျစွာ လုပ်ဆောင်ခဲ့ခြင်းသာဖြစ်ကြောင်း ကိုဝလုံးမှ ပြောသည်။ (Irrawaddy)

ဇူလိုင်လ ၁၇ ရက်နေ့တွင် ဗိုလ်ချုပ်ကြေးရုပ် မတည်ဆောက်ရန်နှင့် ကရင်နီသမိုင်းအမှန်ဖော်ထုတ်ပေးရန်အတွက် ဆန္ဒထုတ်ဖော်ခဲ့ကြသော လူငယ် ၁၃ ဦးအား ရဲမှူး တစ်ဦးမှ တရားလိုပြုလုပ်၍ ငြိမ်းစုစီဥပဒေဖြင့် ပထမအကြိမ် ရုံးတင်စစ်ဆေးပြီး ဒုတိယအကြိမ် ရုံးချိန်းအား လာမည့် ဇူလိုင် ၂၅ ရက်သို့ ပြန်လည် ချိန်းဆိုခဲ့ကြောင်း တရားစွဲခံရသူ တစ်ဦးဖြစ်သော မော်မိုးမြာမှ ပြောခဲ့သည်။ (Eleven)

နိုဝင်ဘာလတွင် ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲ မဲပေးကာလအတွင်း ရခိုင်မြောက်ပိုင်း၏ လုံခြုံရေးကို ဦးစားပေး တိုးမြှင့်ပေးဖို့ ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များမှ တောင်းဆိုထားသည်ဟု ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမောင်သိန်းဖြူမှ ဇူလိုင်လ ၁၇ရက်နေ့တွင် ပြောခဲ့သည်။ (Mizzima)

ကယားပြည်နယ်၊ လွိုင်ကော်မြို့၌ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်ထားရှိမှုနှင့်ပက်သက်ပြီး ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ကယားပြည်နယ်အတွင်းရှိ လက်နက်ကိုင်အဖွဲ့များဖြစ်သည့် ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး (KNPLF) ကလလတ၊ ကယန်းပြည်သစ်ပါတီ (KNLP) ၊ ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ KNPDP ၊ ကရင်နီ အမျိုးသားစည်းလုံး ညီညွတ်ရေး အဖွဲ့ KNSO (ကြယ်ဖြူ) အဖွဲ့ ခေါင်းဆောင်များ၊ ကရင်နီလူငယ်အဖွဲ့များသည် ဇူလိုင်လ ၁၆ရက်နေ့၌ တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် ကန့်ကွက်ဆန္ဒပြမှုအပေါ် ဝန်ကြီးချုပ်မှ တပ်အင်အားအသုံးပြုပြီး ကိုင်တွယ်မည်ဟု ပြောဆိုခဲ့သည်။ (VOA) (Myanmar Now)

ဇူလိုင် ၁၆ ရက်နေ့တွင် အသရေဖျက်မှုဖြင့် တရားစွဲဆိုထားသော ပိတ်မိပြည်သူလွတ်မြောက်ရေးဆန္ဒပြဦးဆောင်သူသုံးဦး၏ အမှုတွဲမှာ ကချင်ပြည် နယ်တရားလွှတ်တော်မှ မြစ်ကြီးနားမြို့နယ်တရားရုံးသို့ ရောက်မလာသေးသည့်အတွက် ဖွန်လိုင်လ ၃၁ရက်နေ့သို့ ရုံးချိန်းလိုက်ကြောင်း တရားစွဲခံရသူ တစ်ဦးဖြစ်သည့် ကိုလွမ်းဇော်မှ ပြောသည်။ (KachinNew) (KachinWave)

စစ်ဘေးဒုက္ခသည်တွေကို ကယ်ထုတ်နိုင်ရေးအတွက် မြစ်ကြီးနားမြို့မှာ ဦးဆောင်ဆန္ဒပြသဖြင့် တပ်မတော်ကိုအသရေ ဖျက်မှုနှင့် တရားစွဲဆို ခံထားရသူ ၃ ဦး၏အမှုကို ပယ်ဖျက်ပေးဖို့ကချင်ပြည်နယ် တရားလွှတ်တော်ထံတင်ပြထားမှုကို ပြည်နယ်တရားလွှတ်တော်မှ ပလပ်လိုက်သည်ဟု အမှုကိုလိုက်ပါဆောင် ရွက်ပေးနေ သည့်တရားလွှတ်တော်ရှေ့နေ ဦးမုံးဆိုင်းတူးမှ ဇူလိုင်လ ၁၉ရက်နေ့တွင် ပြောဆိုခဲ့သည်။ (RFA)

ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် စိုက်ထူရန် ပြည်နယ်အစိုးရမှစီစဉ်နေသည့် ဗိုလ်ချုပ်ကြေးရုပ်ကို ကန့်ကွက်သည့်အနေဖြင့် ကရင်နီသမိုင်း စာရွက်ဖြန့်ဝေသူ ကရင်နီလူငယ်များဖြစ်သည့် ကိုဆားအီနှင့် ခွန်းဂျွန်သန်းစိုးနိုင်တို့ နှစ်ဦးကို ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (ခ) ဖြင့် အာဏာပိုင်များမှ ထပ်မံတရားစွဲခဲ့ကြောင်း ဗိုလ်ချုပ်ကြေးရုပ်ဆန္ဒပြဦးဆောင်သူ ခွန်းဘားနဒ်ဘုတ်မှ ဇူလိုင်လ ၂၀ရက်နေ့တွင် ပြောခဲ့သည်။ (Mizzima)

ကယားပြည်နယ်လွိုင်ကော်မြို့၌ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ကရင်နီလူငယ်ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ ဆုံဆွေးနွေးရာတွင် လွိုင်ကော်မြို့မှာ ဗိုလ်ချုပ်ကြေးရုပ်ထားရှိရေးကို ကန့်ကွက်ကြလို့ ငြိမ်မသက်မှုတွေဖြစ်လာရင် သူ့ရဲ့လုပ်ပိုင်ခွင့်အရ တပ်မတော် ကိုတာဝန်ပေးရမည်ဟု ကယား ဝန်ကြီးချုပ်၏ ပြောဆိုမှုသည် မသင့်တော်ဟု NLD ပါတီဗဟိုပြန်ကြားရေးကော်မတီ အတွင်းရေးမှူး မုံရွာဦးအောင်ရှင် မှ ဇူလိုင်လ ၂၀ ရက်နေ့တွင် ပြောခဲ့သည်။ (BBC) (RFA)

ဇူလိုင်လ၂၁ ရက်နေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့အခြေစိုက် နာဂအရပ်ဖက်အဖွဲ့များမှ ကန့်ကွက်နေသော်လည်း ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်တုအား ခန္တီးလေယာဉ်ကွင်းလမ်းဆုံတွင် ဖွင့်လှစ်ခဲ့သည်။ **"ကျွန်တော်တို့အခုလိုမျိုးထားရှိတာဟာ အမျိုးသားရေးအနေနဲ့ ထားတာပါ။ နောင်မျိုးဆက်သစ်တွေလည်း အတုယူစေချင်တယ်။ ဗိုလ်ချုပ်ရဲ့ဂုဏ်ကျေးဇူးတွေကို သိစေချင်ပြီး ဒီလိုစိတ်ဓာတ်လေးတွေ မွေးမြူနိုင်အောင် လို့ပါ"**ဟု ခန္တီးမြို့၊ ဗိုလ်ချုပ်မြင်းစီး ကြေးရုပ်တုကော်မတီမှ အဖွဲ့ဝင်ကိုထွန်းထွန်းဦးမှ ပြောသည်။ (Mizzima)

ဗိုလ်ချုပ်ကြေးရုပ်စိုက်ထူခြင်းနှင့်ပတ်သက်ပြီး ကယားပြည်နယ်၌ ပြည်နယ်အစိုးရအဖွဲ့နှင့် စိုက်ထူးခြင်းကိုကန့်ကွက်သည့် ဒေသခံတချို့ပဋိပက္ခ မြင့်မားနေချိန်တွင် ယင်းကိစ္စနှင့်ပတ်သက်ပြီး ပြည်နယ်အစိုးရမှ အင်အားသုံးဖြေရှင်းမှုများကို မပြုလုပ်သင့်ကြောင်း NLDပါတီ၏ ပြောရေး ဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်မှ The Ladies News သတင်းဌာနသို့ ပြောကြားခဲ့သည်။ **`လတ်တလော ပဋိပက္ခကြီးမားနေစဉ် မှာတော့ အင်းအားသုံးပြီး လုပ်တာမျိုးတော့ မသင့်တော်ဘူးလို့ထင်ပါတယ်`** ဟုပြောသည်။ (TheLadies)

ကယားပြည်နယ်တွင် ဗိုလ်ချုပ်အောင်ဆန်း ရုပ်ထုထားရှိမှုနှင့် ပတ်သက်၍ ကန့်ကွက်မှုများကို တပ်မတော်နှင့် ကိုင်တွယ်မည်ဟု ပြောဆိုခဲ့သူ ဝန်ကြီး ချုပ်ဦးအယ်လ်ဖောင်းရှိုကို ခေါ်ယူသတိပေးရန် အာဏာရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)တွင် လုပ်ပိုင်ခွင့်မရှိကြောင်း NLD၏ ပြောရေးဆိုခွင့် ရှိသူ ဒေါက်တာမျိုးညွန့်မှ ပြောသည်။ (Irrawaddy)

ဗိုလ်ချုပ်ကြေးရုပ်စိုက်ထူမှုနှင့်ပတ်သက်၍ အမှောင့်ပယောဂမဖင်စေရန်နှင့် တိုင်းရင်းသားများစိတ်ခံစားချက်လျှော့ချပေးနိုင်ရေးဆောင်ရွက်ရန် နိုင်ငံရေးအကျဉ်းသား ဟောင်းများအဖွဲ့(FPPS)မှ ဖေဖော်ဝါရီလ ၂၃ရက်နေ့တွင် တိုက်တွန်းတောင်းဆိုခဲ့သည်။ (7Day)

လက်ပံတောင်းတောင်ဒေသခံများအတွက် ပေးအပ်သော အစားထိုးမြေဧက ၁၉၀၀သည် အစီရင်ခံစာပါ အတိုင်း မဟုတ်ဟုဆိုကာ ဒေသခံများမှ ကန့်ကွက်နေသော်လည်း အသင့်တော်ဆုံးဖြစ်သည်ဟု စစ်ကိုင်းတိုင်းအစိုးရအဖွဲ့ စည်ပင်သာယာရေး ဝန်ကြီး ဦးမြင့်ကြည်မှ ဇူလိုင်လ ၂၁ရက်နေ့တွင် ပြောခဲ့သည်။ (Mizzima)

ဇူလိုင်လ၂၁ရက်နေ့တွင်စတင်ပြီး ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်UNHCR၊ UNDP တို့ လက်မှတ်ရေးထိုးထားသည့် နားလည်မှု စာချွန်လွှာ MoU ပါ စီမံချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်မယ်လို့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ ဝင်းမြတ်အေးမှပြောသည်။သဘာတူညီချက်ပါ စီမံချက်တွေကို အောက်ခြေမှာကွင်းဆင်းလေ့လာပြီး အကောင်အထည်ဖော်ဖို့ စတင်ဆောင်ရွက်တော့ မှာဖြစ်သည်ဟု ပြောသည်။ (RFA) (Narinjara)

ကယားပြည်နယ်အတွင်း ဗိုလ်ချုပ်ရုပ်တုစိုက်ထူမည့် အစီအစဉ်နှင့်ပတ်သက်၍ ပြည်နယ်ဂန်ကြီးချုပ် ဦးဆောင်ကာ(ဇူလိုင်၂၃)ရက်တွင် လွိုင်ကော်မြို့၌ သတင်း စာရှင်းလင်းပွဲပြုလုပ်မည်ဖြစ်သည်ဟု ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှုးဦးသိန်းဇော်မှဇူလိုင် ၂၂ ရက်တွင် ပြောကြားခဲ့သည်။ (7Day)

ဇူလိုင် ၂၂ ရက်ညပိုင်းတွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဗိုလ်ချုပ်အောင်ဆန်းရင်ပြင်ရှိ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုကို သဘော်ာဆေးအစိမ်းရောင် ဖြင့် မျက်နှာဘေးမှ နေ၍ သုတ်လောင်းထားပြီး ရုပ်ထုခြေရင်းအုပ်ခုံနေရာအချို့ ရိုက်ခွဲဖျက်ဆီးခံထားရသည်ဟု မြစ်ကြီးနားမြို့နယ် NLD ပါတီဥက္ကဋ္ဌ ဦးစက်စ်ကူးမားမှပြောသည်။ (Mizzima)

ကယားပြည်နယ်အတွင်း ဗိုလ်ချုပ်ရုပ်တုစိုက်ထူမည့် အစီအစဉ်နှင့်ပတ်သက်၍ ပြည်နယ်ဂန်ကြီးချုပ် ဦးဆောင်ကာ(ဇူလိုင်၂၃)ရက်တွင် လွိုင်ကော်မြို့၌ သတင်းစာရှင်း လင်းပွဲပြုလုပ်မည်ဖြစ်သည်ဟု ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှုးဦးသိန်းဇော်မှဇူလိုင် ၂၂ ရက်တွင် ပြောကြားခဲ့သည်။ (7Day)

ဇူလိုင် ၂၃ရက်နေ့တွင်နံနက် ၁၀ နာရီတွင် ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ ကယားပြည်နယ် လွိုင်ကော်မြို့ ကန္တာယဝန် ပန်းခြံအတွင်း ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် တည်ဆောက်ထားရှိရေး နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကိုကျင်းပခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်မှ ကယားပြည်နယ်မှာ ဗိုလ်ချုပ်ကြေး ရုပ်ထားရှိမယ့်ကိစ္စနှင့် ပတ်သက်ပြီးပြဿနာတွေ ထပ်မံဖြစ်ပွားလာရင် ပြည်နယ်အစိုးရ၏ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကို တာဝန်ပေးသွားမှာ ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ထို့ပြင် ဗိုလ်ချုပ်ကြေးရုပ် ထားခြင်းကို ကန့်ကွက်ကြသည့် အဖွဲ့အစည်းများသည် ကယားပြည်နယ်အား သီးခြားလွတ် လပ်သည့် ကရင်နီပြည်နယ်အဖြစ်သာ လက်ခံသည့်အတွက်ကြောင့်ဟု ပြည်နယ်ဂန်ကြီးချုပ် ဦးအယ်လ်ဖောင်ရှိုးမှပြောသည်။ သတင်းစာရှင်းလင်းပွဲ သို့ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးလုထွေး၊ ပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသအခြေပြု လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာ ၁၁ ခုမှ သတင်း ထောက် ၂၅ ဦးတို့တက်ရောက်ကြသည်။(RFA) (VOA) (TheLadies) (7Day) (MOI)

ဇူလိုင်လ ၂၃ရက်နေ့ မနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဒဟတ္တောကျေးရွာအုပ်စု၊အောင်သပြေကျေးရွာအနီးမှာ မြင့် ရင်းနီးမြှုပ်နှံမှုကုမ္ပဏီမှ ကျောက်မီးသွေးသုံးဘိလပ်မြေစက်ရုံတည်ဆောက်နေမှုအား အပြီးတိုင်ဖျက်သိမ်းပေးရေးနှင့် ဖမ်းဆီးခံထားရသော တောင်သူပြန်လွှတ်ပေးရေး အတွက်အောင်သပြေ ကျေးရွာနှင့်သရက်ကိုင်းကျေးရွာဒေသခံများ မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့မှ နေပြည်တော်သို့ ချီတက်ဆန္ဒပြတောင်းဆိုရန် လမ်းလျှောက်ချီတက်လာသူများအား မန္တလေး-မိုးကုတ် လမ်းပိုင်းကြာနီကန်ရဲကင်းရှေ့မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးအဖွဲ့ နှင့် မြို့နယ်ရဲတပ်ဖွဲ့ တို့မှ တားဆီးခဲ့သည်ဟု ဒေသခံတောင်သူ ဦးရွှေအုန်းမှ ပြောသည်။ (Mizzima)

ဇူလိုင်လ၂၃ရက်နေ့တွင် ရန်ကုန် မြောက်ပိုင်းခရိုင်တရားရုံး၌ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေနှင့် တရားရင်ဆိုင်နေရသည့် ရိုက်တာ သတင်းထောက်ကိုကျော်စိုးဦးကို ရုံးထုတ်စစ်ဆေးခဲ့သည်။ စစ်ဆေးမေးမြန်းရာတွင် **"ကျော်စိုးဦးကတော့ စားသောက်ဆိုင်ကို ရောက်တဲ့ အဆင့်ပဲ ရှိသေးတယ်။ စာရွက်စာတမ်းပေးတာနဲ့ ပတ်သက်ပြီးတော့ ထွက်ဆိုချက်က နက်ဖြန်မှ။ ဝလုံးရဲ့ ထွက်ဆိုချက် တောက်လျှောက်က သူတို့သည် သတင်းမီဒီယာ ကျင့်ဝတ်နဲ့အညီလုပ်တယ်။ ဒီဟာက ထောင်ချောက်ဆင် ဖမ်းဆီးခံရတယ်ဆိုတာကို သေချာပြောသွားနိုင်တယ်"**ဟု ရိုက်တာ သတင်း ထောက်နှစ်ဦး၏ ရှေ့နေ ဦးသန်းဇော်အောင်မှပြောသည်။ ထို့အတူ 'ရိုက်တာ'သတင်းထောက်နှစ်ဦး၏ အမှုနှင့်ဆက်စပ်ပြီး ရဲစည်းကမ်းဥပဒေ ဖောက်ဖျက်မှုဖြင့် အင်းစိန်အကျဉ်းထောင်၌ ထောင်ဒဏ်တစ်နှစ်ပြစ်ဒဏ်ကျခံနေရသည့် ဒုရဲမှူးပေါင်း မိုးရန်နိုင်၏အမှုကို ပြည်ထောင်စု တရား လွှတ်တော်ချုပ်သို့ အယူခံတက်မည်ဖြစ်သော်လည်း လိုအပ်သည့်စာရွက်စာတမ်းများကို သက်ဆိုင်ရာဌာနများမှ ထုတ်မပေးသေးသဖြင့် တန့်နေရ ကြောင်း ၎င်း၏ရှေ့နေဖြစ်သူမှ ပြောသည်။ (RFA) (MyanmarNow) (VOA)

ဇူလိုင်လ၂၄ရက်နေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး၌ ရိုက်တာသတင်းထောက် ကိုကျော်စိုးဦးအားရုံးထုတ်စစ်ဆေးခဲ့သည်။ ရုံးထုတ်တွင် စတင် ဖမ်းဆီးခံရစဉ်က လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရသည်ဟု ကိုကျော်စိုးဦးမှထွက်ဆိုခဲ့သည်။ စစ်ဆေးမေးမြန်းရာမှာ စိတ်ပိုင်းဆိုင်ရာအရ ခြိမ်း ခြောက်မေးမြန်းတာတွေ ရုပ်ပိုင်းဆိုင်ရာအရ မျက်နှာကိုအဝတ်အမဲနှင့်အုပ်ထားတာတွေ၊ ဒူးထောက်ခိုင်းတာတွေ ရှိခဲ့သည်ဟု ကိုကျော်စိုးဦးမှ ပြော သည်။ (RFA) (Frontier) (ELeven)

ဇူလိုင်လ၂၄ ရက်နေ့တွင် မြစ်ကြီးနားမြို့ ဗိုလ်ချုပ်ပန်းခြံအတွင်းရှိ ဗိုလ်ချုပ်ကြေးရုပ်ဖျက်ဆီးခံရမှုကိုသက်ဆိုင်ရာ အမှတ် ၂ ရဲစခန်း၌ (ပ) ၁၈၄၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး ဥပဒေပုဒ်မ ၆ (၁)ဖြင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးယုန်ဖုမှ တရားလိုပြုလုပ်ကာ အမှုဖွင့်ထားသည်ဟု ကချင်ပြည်နယ်ရဲတပ်ဖွဲ့ ဒုတိယပြည်နယ်

ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လွင်မောင်သိန်းမှပြောသည်။ **"အမှုဖွင့်ဖို့ စည်ပင်က လာဆွေးနွေးတယ်။ အခုအ ထိတော့ အမှုမဖွင့်ရသေးဘူး။ ပြည်သူပိုင်ပစ္စည်း ဖျက်ဆီးမှုနဲ့ဖွင့်မယ်။ ဖျက်ဆီးတဲ့ သူတွေကိုလည်း စုံစမ်းနေပါတယ်။ အားလုံးတော့ ပြောမရသေးဘူး။ ဒီကိစ္စနဲ့ ပတ်သက်ပြီး အများကြီး ဆွေးနွေးခဲ့ပါပြီ"** ဟုရဲမှူးကြီး လွင်မောင်သိန်းမှပြောသည်။ (Eleven)

ဇူလိုင်လ ၂၅ရက်နေ့တွင် ကျင်းပသောပြည်ထောင်စု လွှတ်တော်အစည်းအဝေးတွင် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်အတွက် စစ်ဆင်ရေးအပါအဝင် ကာကွယ် ရေးအသုံးစရိတ် ကျပ်ငွေ ၃၂၅၀ ဘီလီယံကျော်ပေးဖို့ ကာကွယ်ရေးဝန်ကြီးဌာနဒုဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်မှ တောင်းခံခဲ့သည်။ (BBC) (Irrawaddy) (7Day)

ဇူလိုင်လ၂၆ရက်နေ့တွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရေကြီးနစ်မြုပ်မှုဖြစ်နေသည့် ကရင်ပြည်နယ် ဘားအံမြို့သို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံခဲ့ကြောင်း ကရင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေး မှပြောသည်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူတွေနှင့် တွေ့ဆုံရာတါင် အိမ်ရှင်မတွေကို ရိုးရာဂျက်ခုတ် သင် တန်းတွေကို အိမ်တိုင်ရာရောက်ပို့ချပေးဖို့နှင့် ကရင်ပြည်နယ်အတွင်း အသေးစားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရအနေနှင့် နိုင်ငံတကာ ချိတ်ဆက်ဆောင်ရွက်ပေးဖို့ မှာကြားခဲ့သည်ဟု ဦးတေဇထွဋ်လှိုင်ထွေးမှပြောသည်။ (RFA) (Mizzima) (Popular) (MyanmarTime) (SC Office) (KIC)

ဇူလိုင်လ ၂၆ရက်နေ့တွင် ဖားအံမြို့ ၊ ဖွဲကပင်ခန်းမ၌ ကျင်းပပြုလုပ်မည့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ငြိမ်းချမ်းရေးစကားဝိုင်းကို ရာသီဥတု ဆိုးရွား မှုကြောင့် ရက်အကန့် အသတ်မရှိ ရွှေ့ဆိုင်းလိုက်ကြောင်း ကရင်ပြည်နယ် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးမှ ပြောသည်။ (KIC)

ဖားအံမြို့နယ် စံပရီးကျေးရွာအုပ်စု၊ စံပန့်ရွာတွင် အစိုးရခွင့်ပြုချက်မရှိ တပ်စွန့်လွှတ်မြေပေါ် ဆောက်လုပ်ထားသည့် နေအိမ် အဆောက်အဦးများ ဖယ်ရှားရှင်းလင်းခံရမှုနှင့် ပတ်သက်ပြီး ကရင်ပြည်နယ်အစိုးရနှင့် ဒေသခံလူထုအကြား ဖြစ်ပေါ်နေသော မြေယာပြဿနာများကို ပြည်နယ်အစိုးရနှင့် တွေ့ဆုံ ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း KNU ဗဟိုလယ်ယာဌာနနှင့် စိုက်ပျိုးရေးဌာနမှူး ပဒိုစောနေသဘာလေးမှပြောသည်။ (KIC)

## နိုင်ငံတကာဆက်ဆံရေး

ဇူလိုင်လ၁၆ရက်နေ့ ညနေ ၄ နာရီတွင်နေပြည်တော်ရှိ နိုင်ငံခြားရေးဂန်ကြီးဌာန၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံဂန်ကြီး ချုပ်၏အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတိုအိဇုမိ အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် မြန်မာနိုင်ငံအတွက် ဂျပန်နိုင်ငံမှ အကူ အညီပေးဆောင်ရွက်ရန်ရှိသည့် စီမံချက်များအနက်မှ ဦးစားပေးစီမံချက် (၆၀) ကျော်အား အကောင်အထည်ဖော်သွားမည့်ကိစ္စ၊ ရန်ကုန်မြို့တော် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း၊ ရန်ကုန်မြို့ပတ် ရထားစီမံကိန်းအပါအဂင် ရန်ကုန်မြို့တွင်း သယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက်စေရေးအတွက် ဆောင်ရွက် လျက်ရှိသည့်စီမံကိန်းများစသည်တို့ကို ဆွေးနွေးခဲ့ကြသည်။ (SC Office) (MOI) (7Day)

ဇူလိုင်လ ၁၆ရက်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ နိုင်ငံတော်သမ္မတဦးဝင်းမြင့်သည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် H.E.Mr.Hiroto IZUMI ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့အား တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးဝင်းနှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် အတူ မြန်မာနိုင်ငံဆိုင်ရာဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Ichiro MARUYAMA တို့တက်ရောက်ခဲ့သည်။ (PresidentOffice) (MOI) (TheLadies) (7Day)

ဇူလိုင်လ ၁၆ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် H.E. Mr.HirotoIZUMI အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Ichiro MARUYAMA နှင့်တာဝန်ရှိသူများတက်ရောက်ခဲ့သည်။ (Military) (MOI) (7Day)

ဇူလိုင်လ၁၆ရက်နေ့ မွန်းလွဲ ၂ နာရီတွင် ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ UEHRD သတင်းနှင့် ဆက်သွယ် ရေး ဒါရိုက်တာဦးကျော်မြင့်တို့နှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌ H.E Prof. Dr. Surakiart Sathirathai ဦးဆောင်သော အဖွဲ့အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ဆိုင်ရာ လက်ရှိဖြစ်ပေါ် တိုး တက်မှုများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲ အခြေအနေများဆွေးနွေးခဲ့ကြသည်။ (MOI)

ဇူလိုင်လ၁၆ရက်နေ့ ညနေ ၄ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီ၏ အကြံပေးအဖွဲ့ ဥက္ကဋ္ဌ Prof. Dr. Surakiart Sathirathai ဦးဆောင် သောအဖွဲ့တို့တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင် ရွက်ချက်များ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ နှစ်ဖက် လူ့အဖွဲ့အစည်း သဟဇာတဖြစ်ရေးနှင့် အတူယှဉ်တွဲ နေထိုင်နိုင်ရေးစသည်တို့ကို ဆွေးနွေးခဲ့ ကြသည်။ တွေ့ဆုံပွဲသို့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည် ဖော်ဆောင်ရွက်ရေး ကော်မတီ၏ အကြံပေးအဖွဲ့ဝင်များ နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (MOI)

ဇူလိုင်လ ၁၇ ရက်နေ့ နံနက်(၁၀)နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒေါ်အောင်ဆန်းစုကြည်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင် အထည် ဖော်ဆောင်ရွက်ရေး ကော်မတီ၏ အကြံပေး အဖွဲ့ဥက္ကဋ္ဌ H.E.Dr.Surakiart Sathirathai ဦးဆောင်သည့် အဖွဲ့ဝင် (၈) ဦးတို့အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ဆိုင်ရာ စိန်ခေါ်မှုများအား ဖြေရှင်းသွားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များအား ဆက်လက် ဆောင်ရွက်

သွားရေးတို့နှင့် ပတ်သက်၍ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော် တင့်ဆွေ၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် အဆင့်မြင့်အရာရှိများ တက်ရောက်ခဲ့သည်။ (MOI) (SCOffice) (Eleven) (MyanmarTime) (7Day)

ဇူလိုင်လ ၁၇ ရက်နေ့တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌ H.E. Prof. Dr. Surakiart Sathirathai ဦးဆောင်သော အဖွဲ့အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ် စွန့်ခွာသူများပြန်လည်လက်ခံရေးနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ် အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ပြုနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် UNDP၊ UNHCR တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး ဆောင်ရွက်နေမှု အခြေအနေတို့ကို ဆွေးနွေးကြသည်။တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးသောင်းထွန်း၊ ဒေါက်တာ ဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ (PresidentOffice) (MOI)

ဇူလိုင်လ ၁၇ ရက်နေ့တွင် နယ်သာလန်နိုင်ငံ the Hague မှာ ပြုလုပ်သည့် Rome Statute ခေါ် ICC ခုံရုံးကို စတင်ခဲ့တဲ့ သဘောတူစာချုပ် အနှစ် ၂၀ ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် ရိုဟင်ဂျာများအား ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက် အတင်းအကြပ်မောင်းထုတ်ခဲ့သည့် မြန်မာနိုင်ငံကို ICC နိုင်ငံ တကာ ရာဇဝတ်ခုံရုံးအနေနှင့် အရေးယူသည့်စီရင်ချက်ချမှတ်ဖို့ ICCအဖွဲ့ဝင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌမှ တိုက်တွန်းပြောဆိုခဲ့သည်။ (VOA)

မလေးရှားနိုင်ငံတွင် နိုင်ငံရေးခိုလှုံခွင့်ဖြင့်နေထိုင်ကြသည့် မြန်မာနိုင်ငံသား ချင်းတိုင်းရင်းသားများသည် နိုင်ငံတကာ၏ အကာအကွယ်ပေးမှုမလိုအပ် တော့သည့်အတွက် အကဲဖြတ်အတည်ပြုထားသူတစ်ဦးချင်းစီ၏ ဒုက္ခသည်အဖြစ်ခိုလှုံခွင့်ကို ၂၀၁၈ ခုနှစ် ဩဂုတ် ၁ ရက်တွင် အဆုံးသတ်မည်ဖြစ် ကြောင်း UNHCR မှ ဇူလိုင်လ၁၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ (Myanmar Time)

ဇူလိုင်၁၉ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ မြန်မာစစ်တပ်မှ ပြီးခဲ့တဲ့နှစ် ဩဂုတ်လအတွင်း ရခိုင်ပြည်နယ်မွတ်စလင်တွေအပေါ် ကျယ်ကျယ် ပြန့်ပြန့်နှင့် စနစ်တကျ ပြင်ဆင်ပြီးသုတ်သင်ခဲ့တာဖြစ်သည်ဟု Fortify Rights လူ့အခွင့်အရေးအဖွဲ့မှစာတမ်းတစောင် ထုတ်ပြန်ခဲ့သည်။ (RFA)

ဇူလိုင်လ ၁၉ ရက်နေ့တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း ကြပ်ပြင်ကျေးရွာမှ ရိုဟင်ဂျာမွတ်ဆလင်တွေအပေါ် မြန်မာလုံခြုံရေးတပ်တွေနှင့် ရခိုင် ရွာသား တွေမှ အကြီးအကျယ် တိုက်ခိုက်သတ်ဖြတ်ခဲ့တယ်ဆိုတာ စစ်ဆေးတွေ့ရှိသည်ဟု New York မြို့အခြေစိုက် လူ့အခွင့်အရေး သမားတော်များအဖွဲ့ PHRမှ အစီရင်ခံစာတစောင်ထုတ်ပြန်ခဲ့သည်။ (VOA)

ဇူလိုင်လ၂၀ ရက်နေ့တွင် ရခိုင်အရေးနှင့်ပတ်သက်၍ ဝန်ကြီးဌာနလေးခုအပါအဝင် ကုလသမဂ္ဂအေဂျင်စီများဖြင့် ဖွဲ့စည်းထားသည့် နားလည်မှု စာချွန်လွှာ အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့သည် ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ ( ဇူလိုင်၂၁ရက်)တွင် သွားရောက်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (Eleven)

ဇူလိုင်လ၂၃ရက်နေ့တွင် မြန်မာ့အရေး တံခါးပိတ်ဆွေးနွေးပွဲတရပ်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင်ကျင်းပမည်ဟု ကုလသမဂ္ဂဆိုင်ရာ မြန်မာသံ အမတ်ကြီး ဟောက်ဒိုဆွမ်းမှပြောသည်။ (VOA)

မြန်မာ့အရေး လုံခြုံရေးကောင်စီတွင် တံခါးပိတ်ဆွေးနွေးခဲ့ပြီးနောက် ရိုဟင်ဂျာဒုက္ခသည်တွေ နေရပ်ပြန်နိုင်ရေး မြန်မာအစိုးရဘက်မှ ဆောင်ရွက်ဖို့ လိုအပ်ချက်တွေနှင့်ပတ်သက်ပြီး အဖွဲ့ဝင်နိုင်ငံတွေ အားလုံးသဘောတူညီသည့် အချက်သုံးချက်ပါ ကြေညာချက်ကို လုံခြုံရေးကောင်စီဥက္ကဋ္ဌဆွီဒင် သံအမတ်ကြီး Olof Skoogမှ သတင်းထောက်များကိုပြောကြားခဲ့သည်။ **"မြန်မာအစိုးရနဲ့ UNDP တို့ကြား MOU နားလည်မှုစာချွန်လွှာမှာ သဘော တူထားတဲ့ အချက်တွေ အကောင်အထည်ဖော်ရေးနိုင်အတွက်ရော၊ ဘင်္ဂလားဒေ့ရှ် အစိုးရနဲ့ လက်မှတ်ထိုးထားတဲ့ MOU ပါအချက်တွေ အကောင် အထည်ဖော်နိုင်ရေးအတွက်ပါ ပိုပြီးတိုးတက်အဆင်ပြေအောင် လုပ်ပေးဖို့လိုတယ်ဆိုတာကို လုံခြုံရေးကောင်စီ အဖွဲ့ဝင်တွေက အလေးထား ဆွေးနွေးခဲ့ကြတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတယ်ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ပါတ်သက်လို့ ပွင့်လင်းမြင်သာတဲ့ စုံစမ်းမှုတွေ လုပ်ဖို့လိုတယ်ဆိုတဲ့ အချက်ကိုလည်း ထောက်ပြခဲ့ကြတယ်။ မြန်မာအစိုးရက ဘက်မလိုက်စုံစမ်းရေးကော်မရှင်ဖွဲ့ဖို့ ဆောင်ရွက်နေတယ်ဆိုတာကိုလည်း သိရှိကြောင်း ပြောကြပါတယ်။ ရိုဟင်ဂျာဒုက္ခသည်တွေနဲ့ နေရပ်စွန့်ထွက်ပြေးတိမ်းရှောင်ခဲ့ရသူတွေ ရခိုင်ပြည်နယ်ထဲက သူတို့နေရပ်ဆီ လုံခြုံဘေးကင်းစွာနဲ့ သိက္ခာရှိရှိ ပြန်လာနိုင်မယ့် အခြေအနေရှိဖို့ လူမှုရေး စီးပွားရေးအခြေအနေတွေ တိုးတက်အောင် လုပ်ပေးဖို့ အရေးကြီးတယ်ဆိုတဲ့ အချက်ကိုလည်း လုံခြုံရေးကောင်စီဝင်တွေက အလေးထားဆွေးနွေးခဲ့ကြပါတယ်။"**ဟု သံအမတ်ကြီး Olof Skoogမှ ပြောသည်။ (VOA)

ဇူလိုင်လ၂၄ရက်နေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Saleumxay Kommasith အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည် ရင်းနှီးမှုရှိသော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့သည်။ (SC Office)(MOI)

ဇူလိုင်လ၂၄ရက်နေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည်၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E.Mr.PaulReneSeger အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆိုင်ရာ ကိစ္စရပ်များ၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲ သို့ အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ (MOI) (Presidents Office)

ဇူလိုင်လ၂၄ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Paul R. Seger အားတွေ့ ဆုံခဲ့သည်။ တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်မှုအခြေအနေများ၊ မြန်မာ့တပ်မတော်နှင့် နိုင်ငံတကာတပ်မတော်များ၏ ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် အစိုးရနှင့်တပ်မတော်မှ ဆောင်ရွက်နေမှု အခြေအနေများ စသည်တို့ကို ဆွေးနွေးခဲ့သည်။ (Military)

ဇူလိုင်လ၂၄ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ချင်းတွင်းခန်းမ၌ မြန်မာ-လာအိုနှစ်နိုင်ငံဆွေးနွေးပွဲကို ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Saleumxay Kommasith တို့ ဦးဆောင်သော နှစ်နိုင်ငံကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံ တို့အကြား လက်မှတ်ရေးထိုး ထားသော လျှပ်စစ်ကဏ္ဍပူးပေါင်း ဆောင်ရွက်ရေး ဆိုင်ရာ နားလည်မှု စာချွန်လွှာနှင့် မြန်မာ -လာအို ချစ်ကြည်ရေး တံတားဆိုင်ရာ နားလည်မှု စာချွန်လွှာ အကောင်အထည်ဖော်ရေး ဆိုင်ရာကိစ္စရပ်များစသည်တို့ကို ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲသို့ မြန်မာဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီး ဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် လာအိုကိုယ်စား လှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြသည်။ (MOI)

ဇူလိုင်လ၂၄ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ကိုရီးယား သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Lee Sang-hwa တို့တွေ့ဆုံခဲ့ကြသည်။ တွေ့ဆုံစဉ် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသတွင် နေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကိစ္စရပ်များ စသည် တို့ကို ဆွေးနွေးခဲ့ကြသည်။ (MOI)

ဇူလိုင်လ၂၄ရက်နေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် စစ်ဆောင်ပနတိုင်လူမျိုး ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသ ဒုတိယ အုပ်ချုပ်ရေးမှူး Ms. Cun Min ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံခဲ့ကြသည်။ တွေ့ဆုံစဉ် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းဆိုင်ရာများ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကိုဆွေးနွေးခဲ့ကြသည်။ (MOI)

ရခိုင်ပြည်နယ်ကနေ ဘင်္ဂလားဒေ့ရှ်ကို ထွက်ပြေးခဲ့ရသည့် ရိုဟင်ဂျာဒုက္ခသည်များ ဘေးကင်းလုံခြုံမှုရှိရှိ နေရပ်ပြန်သွားနိုင်ရေးနှင့် ၎င်းတို့၏ စီးပွားရေးလူမှုရေး အခြေအနေများ တိုးတက်အောင်လုပ် ဆောင်ပေး ရေး အစီအစဉ်များ အရှိန်မြှင့်ဆောင်ရွက်ပေးရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ မြန်မာအစိုးရကိုဇူလိုင် ၂၄ရက်နေ့တွင် တိုက်တွန်းခဲ့သည်။ (RFA)

ဇူလိုင်လ ၂၅ရက်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ဂျပန်နိုင်ငံ၊ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဟောင်းနှင့် ဂျပန်-မဲခေါင် လွှတ်တော် အသင်း ဥက္ကဋ္ဌ H .E. Mr. Ryu Shionoya အား တွေ့ဆုံခဲ့သည်။တွေ့ဆုံစဉ် ဂျပန်-မြန်မာနှစ်နိုင်ငံအကြား လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ ဂျပန်နှင့်မဲခေါင် နိုင်ငံများအကြား ချစ်ကြည် ရင်းနှီးမှု ပိုမိုတိုးတက်အောင် ဆောင်ရွက်ရေးနှင့် မဲခေါင်ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များတို့ကို ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်သိန်းနှင့် ပြည်သူ့ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ (MOI)

ဇူလိုင်လ ၂၅ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် တာဝန်ပြီးဆုံး၍ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Paul R. Seger အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် ဆွစ်ဇာလန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်နှင့် တစ်နိုင်ငံ လုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးရေးတွင် ဆက်လက်ပူးပေါင်းကူညီဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီးနှင့်အတူ ဒုတိယသံအမတ်ကြီး Mr. Giacomo Solariနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ (Military)(MOI)

ဇူလိုင်လ ၂၅ရက်နေ့တွင် အမေရိကန်အောက်လွှတ်တော် "ရေဘန်"အဆောက်အအုံမရှိ နိုင်ငံခြားရေးရာကော်မတီရုံး၌ မြန်မာနိုင်ငံတွင် စစ်ပွဲများကြောင့် တိုင်းရင်းသားများ ဒုက္ခရောက်နေရပုံနှင့် ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာမွတ်စလင်များ အကြောင်းကို Victims' Rights in Burma ဆိုသည့် ခေါင်းစဉ်ဖြင့် ကြားနာပွဲတရပ် ကျင်းပခဲ့သည်။ ကြားနာပွဲတွင် မြန်မာ့တပ်မတော်က ကချင်ပြည်နယ် တိုက်ပွဲများတွင် တိုက်လေယာဉ်များကို အသုံးပြု၍ တိုက်ခိုက်ခဲ့သည့်အတွက် အရပ်သားများ အတိ ဒုက္ခရောက်ရသည်ဟု အမေရိကန်ပြည်ထောင်စု အခြေစိုက် ကချင်တိုင်းရင်းသားများအဖွဲ့ ဥက္ကဋ္ဌ ဂန်ဆန်နန်းမှ ထွက်ဆိုခဲ့သည်။ ထို့အပြင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေနှင့် မြန်မာလုံခြုံရေးတပ်များ၏ ရာဇဝတ်မှုမြောက်သည့် အကြမ်းဖက်မှုများကို ရပ်တန့်အောင်မလုပ်နိုင်ခဲ့သလို တားမြစ်ဖို့လည်း စိတ်ဆန္ဒမရှိခဲ့ဘူးဟု အမေရိကန်အောက်လွှတ်တော် Tom Lantos လူ့အခွင့်အရေး ကော်မရှင် ပူးတွဲဥက္ကဋ္ဌ ဒီမိုကရက်အောက်လွှတ်တော်အမတ် James P. McGovern မှပြောသည်။ (RFA) (VOA)

ဇူလိုင်လ၂၆ရက်နေ့တွင် အမေရိကန်နိုင်ငံခြားရေးဌာနတွင် ကျင်းပသည့် ဘာသာရေးလွတ်လပ်ခွင့် တိုးမြှင့်ရေးဆိုင်ရာညီလာခံတွင် ဘာသာရေး တခုအပေါ် တိုက်ခိုက်ခြင်းသည် ဘာသာအားလုံးကို တိုက်ခိုက်ခြင်းဖြစ်သည်ဟု ခံယူထားသောကြောင့် မြန်မာနိုင်ငံမှ ရိုဟင်ဂျာမွတ်ဆလင်များ၏ ဘေးဒုက္ခများအပေါ် စိတ်ထိခိုက်ကြရသည်ဟု အမေရိကန်၊ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး အကူအညီပေးအဖွဲ့ USAID အကြီးအကဲ Mark Green မှပြောခဲ့သည်။ (VOA)

ဇူလိုင်လ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အောက်လွှတ်တော်၊ နိုင်ငံတကာရေးရာကော်မတီ၏ဒုတိယဥက္ကဋ္ဌ Mr. ALEXEI CHEPA အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေမှု အခြေအနေ၊ မြန်မာနိုင်ငံ၏ လွှတ်တော်တွင် ဥပဒေပြုရေး ကဏ္ဍများကို အထောက် အကူဖြစ်စေရန်အတွက် တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များ ရုရှားနိုင်ငံ လွှတ်တော်သို့ သွားရောက်လေ့လာ၍ အတွေ့အကြုံများ ဖလှယ်ရေး စသည်တို့ကို ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ချုပ်သန်းစိုးနှင့် တပ်မတော် အရာရှိကြီးများတက်ရောက်ခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အောက်လွှတ်တော်၊ နိုင်ငံတကာရေးရာ ကော်မတီ၏ ဒုတိယဥက္ကဋ္ဌနှင့်အတူ အောက်လွှတ်တော်၊ ကာကွယ်ရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင် Mr. ALEKSEI KHOKHLOV ၊ မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ ဒုတိယသံအမတ်ကြီး နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ (Military)(MOI)

ဇူလိုင်လ ၂၆ ရက်နေ့ ဝါရှင်တန်၌ အမေရိကန် ဒုတိယ နိုင်ငံခြားရေးဝန်ကြီး ဂျွန်ဆူလီဗန်နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး မာမွတ်အလီတို့တွေ့ ဆုံရာ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မြောက်ပိုင်းဆီသို့ ပြန်လည်ဝင်ရောက်လာကြမည့်သူများ လုံခြုံစိတ်ချစွာ ပြန်လည်နေထိုင်နိုင်ရေးနှင့်ပတ်သက်၍ မြန်မာ အစိုးရမှ ဖန်တီးပေးရန်အတွက် အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ဖိအား ဆက်လက် ပေးသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ (Popular)

ဝါရှင်တန်ဒီစီမြို့တော်မှာ ဇူလိုင်လ ၂၆ ရက်နေ့က ကျင်းပသည့် ဘာသာရေးလွတ်လပ်ခွင့် တိုးတက်ဖြစ်ထွန်းရေးဆိုင်ရာညီလာခံမှ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ထုတ်ပြန်ချက်အပေါ် အထူးပဲ စိတ်ပျက်ရကြောင်း အမေရိကန်ပြည်ထောင်စုဆိုင်ရာ မြန်မာသံရုံးမှ ဇူလိုင်လ၂၇ရက်နေ့တွင် ကြေငြာချက်တစောင်ထုတ်ပြန်ခဲ့သည်။ (VOA)